# ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်၊ စနေနေ့၊ (23-10-2010) (၆၅၆၀)


| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေး ဦးတည်ချက်(၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး<br>* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး<br>* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

## ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း မင်းလှမြို့နယ်၌ ငွေချည်(၆)ချည်မျှင်ရှည်ဝါ စံပြစိုက်ခင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၂**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်းသည် ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်းနှင့် အဖွဲ့ဝင်များလိုက်ပါလျက် အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းတွင် ပြည်ခရိုင် ပေါင်းတည်မြို့နယ်မြေခံတပ်ရင်းသို့ ရောက်ရှိပြီး တပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဗိုလ်ချုပ်လှမင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်ဖြင့် လမ်းဘေးဝဲယာ စိုက်ခင်းများအား ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး မင်းလှမြို့နယ် အုတ်တွင်းကျေးရွာရှိ ငွေချည်(၆) ချည်မျှင်ရှည်ဝါ ခြောက်ဧက စံပြစိုက်ခင်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ တာဝန်ရှိသူတစ်ဦးက ငွေချည်(၆) ချည်မျှင်ရှည်ဝါ စိုက်ပျိုးရန် လျာထားချက်နှင့် စိုက်ပျိုးပြီး အခြေအနေများကို ရှင်းလင်းတင်ပြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့◆**



ပျော်ဘွယ်မှ နတ်မောက်သို့ ၆၂ မိုင် လမ်းပြဆိုင်းဘုတ်ကို ပျော်ဘွယ်မြို့ လမ်းဆုံတစ်နေရာတွင် တွေ့ရစဉ်။

## ပဲခူးရိုးမကို ဖြတ်ကျော်ဖောက်လုပ်ထားသော
## ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကန်ပြား-မကွေးလမ်းမကြီး

**နိုင်ငံတော်အစိုးရသည် ကားလမ်းနှင့် ရထားလမ်းသစ်များကို တိုးချဲ့ဖောက်လုပ်ခြင်း၊ လမ်းဟောင်းများပြုပြင်ခြင်း၊ တိုးချဲ့ခြင်း၊ လမ်းများကွန်ရက်သဖွယ် ဆက်စပ်သွားလာနိုင်ရေးနှင့် နိုင်ငံတော်အတွင်း အရှေ့-အနောက်လမ်းများ၊ တောင်-မြောက်လမ်းများ ပေါင်းစုံ၍ နိုင်ငံတော်အဝန်း လမ်းခရီး တိုတောင်းစွာ သွားလာနိုင်စေရန် စဉ်ဆက်မပြတ် ဆောင်ရွက်နေသည်။**

ယခုအခါ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်မှစတင်၍ ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကန်ပြား-မကွေးလမ်းကို တိုးချဲ့ဖောက်လုပ်ခြင်း၊ လမ်းပခုံးများမြှင့်တင်ခြင်း၊ ကတ္တရာလမ်းအဖြစ် ရာသီမရွေး သွားလာနိုင်ရေးတို့ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှအဖွဲ့များက တာဝန်ခွဲဝေ၍ လမ်းအဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ၂၀၁၀ခုနှစ် ဇွန်လမှစတင်၍ ဆောင်ရွက်လျက်ရှိသည်။ လမ်းလုပ်ငန်းများဆောင်ရွက်မှုကို သိရှိနိုင်ရန်အတွက် မိမိတို့သတင်းအဖွဲ့သည် လမ်းအထူးအဖွဲ့ (၁၃)မှ ဒုတိယအင်ဂျင်နီယာချုပ် ဦးသိန်းဇော်၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ဒုတိယလက်ထောက်အင်ဂျင်နီယာ လမ်းအထူးအဖွဲ့(၁၃)မှ ဒေါ်မြတ်မြတ်သင်း လိုက်ပါလာပြီး နေပြည်တော်မှ စတင်ထွက်ခွာခဲ့ရာ ရမည်းသင်းခရိုင် ဆောက်လုပ်ရေးအင်ဂျင်နီယာ **စာမျက်နှာ ၇ ကော်လံ ၁ သို့○**


**သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း ခင်မောင်သန်း(စက်မှု)**

အဆင်အပြင်-ခင်မျိုးနိုင်




ပျော်ဘွယ်-နတ်မောက်-မကွေးလမ်းပိုင်း၌ ကားငယ်တစ်စီး မောင်းနှင်လာသည်ကို တွေ့ရစဉ်။


**ယနေ့ ကြေးမုံ အညွှန်း**

**အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏**

☆ မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

☆ မြေပြိုကျမှုအန္တရာယ်များမှ ကြိုတင်ကာကွယ်တားဆီးရန် သတိပေးနှိုးဆော်ချက်

☆ မုန်တိုင်းအန္တရာယ် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်နှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ကျန်းမာရေး သတိပေးနှိုးဆော်ချက်

တို့ကို စာမျက်နှာ ၈ နှင့် ၉ တွင် ဖော်ပြထားပါသည်။


**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

၂၂ - ၁၀ - ၂၀၁၀

| | |
|---|---|
| လယ်ဝေး | ၁ ဒသမ ၀၃ လက်မ |
| မာန်အောင် | ၄ ဒသမ ၂၉ လက်မ |
| အောင်လံ | ၃ ဒသမ ၈၆ လက်မ |

ကြေးမုံ The Mirror

၂၃-၁၀-၂၀၁၀
(စနေနေ့)

# သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးရက်မြတ် **သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့** ဖြစ်သည်။ သီတင်းကျွတ်လရာသီချိန်သည် ဆောင်းရာသီကူးစကာလ။ သီတင်းကျွတ်လပြည့် သန်းခေါင်ယံအချိန်တွင် လမင်းနှင့် အသဝနီနက္ခတ်တို့ ယှဉ်ပြိုင်သွားနေသည်။ ပလ္လင်ဆေးမိုးရွာသွန်းဖြိုးဆိုသည့် စကားနှင့်အညီ ဘုရားဆွမ်းတော်တင်သော သင်ပုတ်ပလ္လင်အား ဆေးကြောသန့်စင်ပေးသည့်မိုးလည်း ရွာသွန်းလေ့ရှိသည်။

သီတင်းကျွတ်လတွင် မြကန်သာတို့အတွင်း ကြာမျိုးငါးပါးတို့ ပွင့်လန်းဝေဆာကာ စံပယ်ပန်း၊ ကြာပန်းရနံ့တို့ သင်းပျံ့နေသည်။ ဘုရားရှင် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ကြွမြန်းတော်မူလာချိန်ကို ရည်မှန်းပြီး သီတင်းကျွတ်လပြည့်နေ့တွင် **မီးထွန်းပွဲ၊ မီးမြင်းမိုရ်ပွဲ**များ ကျင်းပကြသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူပြီး ခုနစ်ဝါမြောက်တွင် တာဝတိံသာနတ်ပြည်၌ ဝါကပ်တော်မူသည်။ မယ်တော်ဖြစ်ခဲ့ဖူးသော မယ်တော်မာယာဒေဝီသည် တာဝတိံသာနတ်ပြည်တွင် သန္တုသိတနတ်သားဖြစ်နေရာ မယ်တော်အား အဘိဓမ္မာတရား ဟောကြားခြင်းဖြင့် ကျေးဇူးဆပ်လိုသောကြောင့် ဖြစ်သည်။

မြတ်ဗုဒ္ဓဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ မယ်တော်မိနတ်သားနှင့် နတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာ တရားတော်မြတ်ကို ဝါဆိုလပြည့်နေ့မှစတင်၍ နေ့ညမစဲ ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့တွင် တရားတော်ပြီးဆုံးခဲ့သည်။

**ကုသလာဓမ္မာ၊ အကုသလာဓမ္မာ** အစရှိသော အဘိဓမ္မာတရားတော်မြတ်သည် အလွန်ထူးကဲသည်။ စိတ်ကို အပူအပင်ကင်းစင် အေးမြကြည်လင်စေရန် သန့်စင်ပေးနိုင်သည်။ ဘဝခရီးကို တည်ငြိမ်ရင့်ကျက်စွာ လျှောက်လှမ်းစေနိုင်သည်။ တရားတော်မြတ်အား ရွတ်ပွားနာကြားနေချိန် တဒင်္ဂပင် လောဘ၊ ဒေါသ၊ မောဟ ကိလေသာများ ချုပ်ငြိမ်းစေသည့် အကျိုးတရားများ ရရှိစေနိုင်ပေသည်။

မြတ်ဗုဒ္ဓဘုရားရှင်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းပတ်လုံး ဖြည့်ဆည်းအပ်သော ပါရမီတော်အဟုန်ဖြင့် ရရှိတော်မူခဲ့သည့် သဗ္ဗညုတဉာဏ်တော်ကြောင့် အဘိဓမ္မာတရားတော်ကို ထုတ်ဖော်ဟောကြားတော်မူနိုင်ခဲ့ခြင်း ဖြစ်သည်။

သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့မြတ်သမယတွင် မြို့ပြပြည်ရွာအနှံ့ အဘိဓမ္မာတရားတော်များ ရွတ်ပွားပူဇော်နေကြသည်။ မြတ်ဗုဒ္ဓ၏ ဂုဏ်ကျေးဇူးတော်တို့ကို အာရုံပြု၍အဘိဓမ္မာတရားတော်အား ရွတ်ဆိုကြည်ညိုသဒ္ဓါပွားရင်း ဒါန၊ သီလ၊ ဘာဝနာတရားများ ချမ်းမြေ့စွာ အားထုတ်ကြခြင်းဖြင့် ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသော ကောင်းကျိုးတရားများ ရရှိဖြစ်ထွန်းနိုင်ကြမည် ဖြစ်ပါသည်။ ။

## ပြည်သူ့ သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ပြင်ဦးလွင်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်သည် တာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းတွင် မတ္တရာမြို့နယ်ရှိ မန္တလေး-မိုးကုတ်ကားလမ်း ပြုပြင်ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ စဉ့်ကူးမြို့နယ် မန္တလေး-မိုးကုတ်ကားလမ်း ရေကျော်နေရာ၌ လမ်းပြုပြင်ဆောင်ရွက်နေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် စဉ့်ကူးမြို့ ဧရာဝတီမြစ်ကူး ရတနာသိင်္ဃတံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက တံတားတည်ဆောက်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် သပိတ်ကျင်းတပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံပြီး မိသားစုဝင်များအား ချီးမြှင့်ငွေများနှင့် နယ်မြေခံတပ်မတော်ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေနှင့် ကျောင်းသုံးဗလာစာအုပ်များပေးအပ်ကာ နယ်မြေခံတပ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် အောက်တိုဘာ ၁၉ ရက်တွင် သပိတ်ကျင်းမြို့နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်တွေ့ဆုံပြီး မိသားစုဝင်များအား ချီးမြှင့်ငွေနှင့် ကျောင်းသုံး ဗလာစာအုပ်များ ပေးအပ်ကာ တပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် တိုင်းမှူးသည် နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိပြီး ဆေးကုသမှု ခံယူလျက်ရှိသော လူနာများအား ထောက်ပံ့ငွေများပေးအပ်၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# လူသွားစင်္ကြံအလှဆင် ခင်းကျင်းနေမှု မြို့တော်ဝန် ဦးအောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

**ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း ဒဂုံမြို့နယ် ဦးဝိစာရလမ်း လူသွားစင်္ကြံ၌ ကွန်ကရစ်အခင်းသစ်များ ခင်းကျင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)



**ရန်ကုန် အောက်တိုဘာ ၂၂**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်း၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က လမ်းဘေးဝဲ၊ ယာတစ်လျှောက်ရှိ လူသွားစင်္ကြံများ ကွန်ကရစ်အခင်းသစ်များ အလှဆင်ခင်းကျင်းနေမှု၊ ပြီးစီးမှုနှင့် ဗဟန်းမြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ လူသွားစင်္ကြံကွန်ကရစ်အခင်းသစ်များ အလှဆင်ခင်းကျင်းနေမှုတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် တာမွေမြို့နယ်(က)-(ဂ) ရပ်ကွက်ရှိ ၁၅၇ လမ်းနှင့် ကျောက်မြောင်းအထက်ရပ်ကွက်ရှိ ကျောက်မြောင်းလမ်းများ အဆင့်မြင့်ရေးအတွက် ကွန်ကရစ်လမ်းချောခင်းကျင်းနေမှုနှင့် ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ဆီဆိုင်မြို့နယ် ဆိုက်ခေါင်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် ဘာသာရပ်အလိုက် ထူးချွန်အောင်မြင်အောင် သင်ကြားပေးခဲ့သော ဆရာမတစ်ဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းရွှေကြာ ဆုချီးမြှင့်စဉ်။**
(ပညာရေး)



# အရောင်းပညာကျွမ်းကျင်မှု သင်တန်းနှင့် Confidence-Building Program သင်တန်းဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၂၂**

MBA ဘွဲ့ရ စီးပွားရေးလုပ်ငန်းရှင်များ ဖွဲ့စည်းထားသည့် Myanmar Business Executives (MBE) Network ၏ စီးပွားရေးစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကျောင်းမှ အရောင်းပညာကျွမ်းကျင်မှုသင်တန်း (Sales Essentials) ကို နိုဝင်ဘာ ၁ ရက်တွင်လည်းကောင်း၊ Confidence-Building Program သင်တန်းကို နိုဝင်ဘာ ၈ ရက်တွင်လည်းကောင်း ဖွင့်လှစ်မည်ဖြစ်သည်။

လက်လီ အရောင်းဆိုင်လေးများမှစ၍ မိနီစတိုး၊ စူပါမားကက်၊ ဟိုက်ပါမားကက်ကြီးတွင် အရောင်းပညာနှင့် တာဝန်ထမ်းဆောင်နေသော သူများအတွက် ရောင်းချမှု အတတ်ပညာ၊ ရောင်းသူ/ဝယ်သူ စေ့စပ်ညှိနှိုင်းမှု အတတ်ပညာ၊ ဝယ်ယူစားသုံးသူများအား ဝန်ဆောင်မှုပေးခြင်း အတတ်ပညာတို့အတွက် အရောင်းကျွမ်းကျင်မှု သင်တန်းဖြင့် လေ့ကျင့်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ ၁၂ရက်ဖြစ်ကာ ညနေ ၅ နာရီခွဲမှ ည ၇ နာရီခွဲအထိ တနင်္လာနေ့မှ သောကြာနေ့အထိ သင်ကြားပေးမည်ဖြစ်သည်။

Confidence-Building Program သင်တန်းကို နိုဝင်ဘာ ၈ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများနှင့် ဘွဲ့ကြိုတက်ရောက်နေသူများ တက်ရောက်နိုင်ကြသည်။ သင်တန်းတွင် မိမိကိုယ်မိမိဝတ်စားဆင်ယင်မှုနှင့် သပ်သပ်ရပ်ရပ် နေထိုင်သွားလာပြုမူစေရန်၊ ပျော်ရွှင်ကျန်းမာသောဘဝကို ပိုင်ဆိုင်နိုင်စေရန်၊ ကျင့်ဝတ်သိက္ခာနှင့်အညီ နေထိုင်ဆောင်ရွက်တတ်စေရန်၊ သက်ဆိုင်ရာလုပ်ငန်း/ အသင်းအဖွဲ့များတွင် ဦးဆောင်ဦးရွက်ပြုနိုင်သော အရည်အချင်းများရှိလာစေရန်၊ စိတ်ပိုင်းဆိုင်ရာ အရည်အသွေးများ တိုးတက်လာစေရန်၊ မိမိဘဝကို ကိုယ်တိုင်မြှင့်တင်နိုင်စေရန်၊ ပြောဆိုဆက်ဆံရေးတွင်လည်း ရှင်းလင်းစွာ ပြောဆိုတတ်မှုရှိစေရန်၊ အင်္ဂလိပ်ဘာသာစကားကိုလည်း ယုံကြည်မှုရှိရှိ ပြောဆိုနိုင်စေရန်၊ ကွန်ပျူတာအသုံးပြုမှုတွင် လက်တွေ့ကျကျ အသုံးချတတ်စေရန်နှင့် အင်တာနက်အသုံးပြုရာတွင်လည်း အကျိုးရှိစွာ အသုံးပြုတတ်မှုရှိစေရန် သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၂၂ ရက်အထိဖြစ်ကာ နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲအထိ တနင်္လာနေ့မှ သောကြာနေ့အထိ သင်ကြားမည်ဖြစ်သည်။

စိတ်ဝင်စားသူများသည် သင်တန်းကျောင်းရှိရာ အခန်း (၄၀၅) ပန်းခြံတာဝါ အမှတ် (၈) ဗားကရာလမ်းနှင့် ဓမ္မစေတီလမ်းထောင့် မြေနီကုန်း စမ်းချောင်းမြို့နယ်သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။
(သတင်းစဉ်)

# နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

**နေပြည်တော် အောက်တိုဘာ ၂၂**

နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ဦးစီး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၈ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာအုပ်စု ကျောက်ချက်ရွာ အမှတ်(၄၂) အမက (မူလွန်) ကျောင်း၌ ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း၊ နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်မင်းသိုက်ထိုက်နှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်တင်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်သူ၊ ရပ်ကွက်သားများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ယာဉ်မောင်းများ စုစုပေါင်း ၃၁၀ တို့ တက်ရောက်ကြပြီး ရဲအုပ်မင်းသိုက်ထိုက်က ဗီဒီယိုကားချပ်များဖြင့် ရှင်းလင်းဟောပြောကြောင်း သိရှိရသည်။
(သတင်းစဉ်)



**နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာအုပ်စု ကျောက်ချက်ရွာ အမက (၄၂) မူလွန်ကျောင်း၌ နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်မင်းသိုက်ထိုက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောစဉ်။** (သတင်းစဉ်)

# အလက(၁)ကမာရွတ် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၂**

အလက(၁)ကမာရွတ် (ကွမ်းခြံသားရေရုံ)ကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့သော အသက်(၆၀)နှင့် အထက် ဆရာ၊ ဆရာမများအား ဒုတိယအကြိမ် အာစရိယပူဇော်ကန်တော့ပွဲကို အောက်တိုဘာ ၃၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကမာရွတ်မြို့နယ်ရှိ Lion City (ရေကြောင်းသိပ္ပံရှေ့)ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက် ပူဇော်ကန်တော့နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

**အောက်တိုဘာ ၁၇ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စွမ်းရည်ပြိုင်ပွဲကို လှိုင်မြို့နယ်ဘောလုံးအားကစားကွင်း၌ ကျင်းပရာ ပြိုင်ပွဲ၌ ပထမဆုရရှိသော ကျောက်တံတားမြို့နယ်အသင်းအား အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူဇော် ဆုချီးမြှင့်စဉ်။** (၅၄၃)



◆ **ရှေ့ဖုံးမှ**

ယင်းနောက် ခင်းကျင်းပြသထားသည့် ဝါဂွမ်း၊ ဝါနှင့် ပိုးသတ်ဆေး နမူနာများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံ ဝါစိုက်တောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ငွေချည်(၆) ချည်မျှင်ရှည်ဝါ စိုက်ပျိုးထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





## စံပြစိုက်ခင်း

**ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း မင်းလှမြို့နယ် အုတ်တွင်းကျေးရွာရှိ ငွေချည်(၆) ချည်မျှင်ရှည်ဝါ စံပြစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)



**အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ်(၄/၂၀၁၀)တွင် ထူးချွန်ဆု ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။**

(သတင်းစဉ်)

# အလုပ်သမားဝန်ကြီးဌာန အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ်(၄/၂၀၁၀) သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၂

**အလုပ်သမားဝန်ကြီးဌာန အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ် (၄/၂၀၁၀) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနရုံး စုဝေးခန်းမကြီး၌ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ ဒုတိယဝန်ကြီး ဦးတင်ထွန်းအောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။**

အဆိုပါ သင်တန်းဆင်းပွဲတွင် ဝန်ကြီးက အမှာစကားပြောကြားပြီး ထူးချွန်စွာအောင်မြင်ခဲ့သူများအား ဂုဏ်ပြုဆုများ ချီးမြှင့်၍ သင်တန်းသား၊ သင်တန်းသူ ၂၅ ဦးတို့အား သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။

အလုပ်သမားဝန်ကြီးဌာနရှိ ဝန်ထမ်းများ ကွန်ပျူတာအသုံးပြုမှုကို ကျွမ်းကျင်စွာ ဆောင်ရွက်စေရန်အတွက် ယခုနှစ်အတွင်း အရာထမ်းများအတွက် e-Government အသုံးချကွန်ပျူတာသင်တန်း သုံးကြိမ်၊ အမှုထမ်းများအတွက် အခြေခံ ကွန်ပျူတာသင်တန်း လေးကြိမ်ဖွင့်လှစ်ခဲ့ပြီး အရာထမ်း ၄၀၊ အမှုထမ်း ၁၁၂ဦး တို့အား လေ့ကျင့်သင်ကြားမွေးထုတ်ပေးခဲ့ပြီးဖြစ် ကြောင်းနှင့် ဝန်ထမ်းများအားလုံး ကွန်ပျူတာအသုံးပြုနိုင်ရေး အတွက် ဆက်လက်သင်ကြား လေ့ကျင့်ပေးလျက်ရှိကြောင်း၊ ယခု သင်တန်းကို စက်တင်ဘာ ၂၇ ရက်မှ ယနေ့အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# ဆိုင်ကလုန်းမုန်တိုင်း "ဂီရိ" အားကောင်းသောဆိုင်ကလုန်းမုန်တိုင်းအဖြစ် ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၂

**ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** လယ်ဝေးမြို့တွင် ၁ ဒသမ ၀၃ လက်မ၊ မာန်အောင်မြို့တွင် ၄ ဒသမ ၂၉ လက်မ၊ အောင်လံမြို့တွင် ၃ ဒသမ ၈၆ လက်မ၊ ဂွမြို့တွင် ၂ ဒသမ ၀၁ လက်မ၊ ဖျာပုံမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ ကျောက်ဆည်မြို့တွင် ၁ ဒသမ ၈၉ လက်မနှင့် သံတွဲမြို့နှင့် သထုံမြို့တို့တွင် ၁ ဒသမ ၇၄ လက်မစီ၊ မန္တလေးမြို့နှင့် မြိတ်မြို့တို့တွင် ၁ ဒသမ ၄၆ လက်မစီတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ယနေ့မြန်မာစံတော်ချိန် ၁၂နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေခဲ့သော ဆိုင်ကလုန်းမုန်တိုင်း'ဂီရိ'(GIRI)သည် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ရောက်ရှိခဲ့ပြီး အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနေကာ ကျောက်ဖြူမြို့၏ အနောက်တောင်ဘက် မိုင်၅၀ ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေပြီး မုန်တိုင်း၏ဗဟိုချက်သည် စစ်တွေမြို့နှင့် ကျောက်ဖြူမြို့အကြားမှ ယနေ့ညနေပိုင်းတွင် ကုန်းတွင်းသို့ ဖြတ်ကျော်ဝင်ရောက်မည်ဖြစ်သည်။ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**အောက်တိုဘာ ၂၃ ရက် ညနေထိခန့်မှန်းချက်။** ။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တွင် တစ်နာရီလျှင်မိုင် ၇၀ မှ ၇၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**အောက်တိုဘာလ စတုတ္ထရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်။** ။ လာမည့်သီတင်းပတ်ကုန် ရက်များအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၃-၁၀-၂၀၁၀ (စနေနေ့)**

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo
ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်+
ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "အဘိဓမ္မာနေ့မြတ်အခါ"
တရားတော်
(အပြည်ပြည်ဆိုင်ရာ ထေရဝါဒ
ဗုဒ္ဓသာသနာပြု တက္ကသိုလ်
ပါမောက္ခချုပ် ဆရာတော်
အဂ္ဂမဟာပဏ္ဍိတ
ဒေါက်တာနန္ဒမာလာဘိဝံသ)
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
**"လောကဝက်ပါ"**
**(အပိုင်း-၅၂)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
**"အရိပ်စစ်"**
**(အပိုင်း-၁၉)**
၈း၅၀ သမိုင်းဂုဏ်ဝင့်ကြွား
မြို့ရွှေဘို၏အလှဟန်များ
၉း၀၅ ဓမ္မဒူတပရိယတ္တိစာသင်တိုက်
(သိမ်ဇရပ်)
၉း၂၅ Activities In The City
[SONY XD Era (SONY
Professional Product Seminar
& Workshop)
၉း၃၅ Gobal Panorama
(ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၀၅ နေသူရိန်ပြောတဲ့
မင်းယှဉ်ရဲလား. . ပြော
၁၀း၂၀ သွားမယ်စားမယ်
(1 two 4)
၁၀း၅၅ MNL Preview
၁၁း၃၀ မီးပုံးလေးတွေလုပ်ကြမယ်
၁၁း၄၅ ဟိုတယ်လမ်းညွှန်
(HOTEL MAX Chaung Tha
Beach)
၁၂း၂၅ မုံရွာမြို့မှ . . ဧရိပ်ဆာယာ
၁၂း၅၅ မြတ်ဒါန
၁း၀၀ "အဘိဓမ္မာနေ့မြတ်အခါ"
တရားတော်
(အပြည်ပြည်ဆိုင်ရာ ထေရဝါဒ
ဗုဒ္ဓသာသနာပြုတက္ကသိုလ်
ပါမောက္ခချုပ် ဆရာတော်
အဂ္ဂမဟာပဏ္ဍိတ
ဒေါက်တာ နန္ဒမာလာဘိဝံသ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ သူတို့ပြောတဲ့သူတို့အကြောင်း
(တစ်ခိုင်လုံးရွှေ အေးအေးမြင့်နှင့်
တွေ့ဆုံခြင်း)
၂း၄၀ ဖက်ရှင်လမ်းညွှန်
(ဒီဇိုင်နာဝါးဦး၏ လက်ရာ)
(အပိုင်း-၁)
၃း၂၀ Activities In The City
[INSEE DIAMOND
မိတ်ဆက်ပွဲအခမ်းအနား]
၃း၃၀ Kid's Show
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
**"အရိပ်စစ်"**
**(အပိုင်း-၁၉)**
၄း၅၅ ဘဝအတွက် အားထားရာ EAC
၅း၀၅ Sports Diary
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ Movie Talk
[ဒါရိုက်တာ-ကြည်စိုးထွန်း၊
ဒေါ်ခင်လှ(အေဝမ်း)] (အပိုင်း-၁)
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
**"လောကဝက်ပါ"**
**(အပိုင်း-၅၃)**
၇း၂၅ သူတို့ဘဝသူတို့ဟာသ
(ဦးရန်အောင်)
၈း၀၀ MRTV-4 သတင်း
-နိုင်ငံရေးပါတီများ၏
ဟောပြောချက်အစီအစဉ်
-ဘယ်လိုမဲပေးကြမှာလဲ
(မြန်မာနိုင်ငံရုပ်ရှင်အစည်းရုံးဝင်များ)
၈း၂၅ Barclays Premier League
(Chelsea Vs Wolverhampton)
၁၀း၂၅ စွမ်းရည်ထက်မြက်
မြန်မာ့မျက်လှည့်
၁၀း၅၅ Barclays Premier League
(West Ham Vs Newcastle)
၁း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
**"အရိပ်စစ်"**
**(အပိုင်း-၂၁)**
၁း၅၀ ဆုပန်ရည်စူးအရောက်ဖူး. .
မြတ်ဘုရားဖောင်တော်ဦး
၂း၀၀ မပြုမပြင်သဘာဝအသွင်
ကျန်းမာရေးအတွက်
မြကျောက်ရေစင်
၂း၁၅ ပရအကျိုး တို့သယ်ပိုးစို့
၂း၃၀ VJ Choice
၂း၅၅ ဆီးချိုသွေးချိုကာကွယ်ပါ
(အကယ်ဒမီထွန်းထွန်းဝင်း၊
မိုးဒီ၊ ဖြိုးငွေစိုး၊ ကောင်းခန့်၊
မျိုးစန္ဒီကျော်၊ ရတနာမိုင်၊
ဝင့်နန္ဒာဖြိုး) [ဒါရိုက်တာ-
တင်အောင်ရွှေ (သုတေသီ)]
၃း၂၀ World of Knowledge
(Japanese Cowboy)
၄း၁၀ နုယဉ်ဆန်းထွင် သစ်သီးအလှဆင်
(ဟင်းသီးဟင်းရွက်များကို
စားချင်စဖွယ်ဖြစ်အောင်
ပြင်ဆင်ခြင်း)
၄း၃၅ မြို့ဇလွန်ရဲ့ မီးမြင်းမိုရ်ပွဲဆင်ကာနွဲ့
ပူဇော်လှူဒါန်းပန်းရေချမ်း
၅း၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## Barclays Premier League **ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၆း၁၀ | Tottenham - Everton | ESPN(Live) |
| ၈း၂၅ | Chelsea - Wolverhampton | ESPN (Live) |
| | Birmingham - Blackpool | STAR SPORTS(Live) |
| ၁၀း၅၅ | West Ham - Newcastle | ESPN(Live) |
| ၁၁း၀၀ | Wigan - Bolton | STAR SPORTS(SDD) |

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

နိုင်ငံတကာသတင်းများ



ဈူလက်နက်ပစ်ခတ်ရေး လျှို့ဝှက်သင်္ကေတများကို
အမေရိကန်သမ္မတကိုယ်စား ယုံကြည်ရသူက ဤသို့ ထိန်းသိမ်းရသည်။

## နျူကလီးယားလက်နက် ပစ်ခတ်ရေး လျှို့ဝှက်သင်္ကေတများ ဘီလ်ကလင်တန်၏ လက်ထက်တွင် ပျောက်ဆုံးခဲ့

**ဝါရှင်တန် အောက်တိုဘာ ၂၂**

နိုင်ငံတော် သမ္မတက ကိုင်တွယ်ထိန်းသိမ်းရသော နျူကလီးယားလက်နက်များ ပစ်ခတ်ရာတွင် အသုံးပြုသည့် လျှို့ဝှက်သင်္ကေတများသည် အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်၏ လက်ထက်၌ လပေါင်းများစွာကြာအောင် ပျောက်ဆုံးနေခဲ့ကြောင်း အမေရိကန်ပြည်ထောင်စု ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ ဥက္ကဋ္ဌဟောင်း ဗိုလ်ချုပ်ကြီးဟုဂ်ရှယ်လ်တန်က အောက်တိုဘာ ၂၁ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

နျူကလီးယားလက်နက်များ ပစ်ခတ်ရာတွင် အသုံးပြုသည့် လျှို့ဝှက်သင်္ကေတများ ပျောက်ဆုံးမှုကို ဗိုလ်ချုပ်ကြီးရှယ်လ်တန်က ၎င်းရေးသားသော စာအုပ်သစ်တွင် ထုတ်ဖော်ထားသည်။

အဆိုပါ လျှို့ဝှက်သင်္ကေတများကို ပုံမှန်အားဖြင့် အမေရိကန်သမ္မတ၏ လူယုံတစ်ဦးက ထိန်းသိမ်းလေ့ရှိသည်။ သမ္မတဟောင်း ဘီလ်ကလင်တန်၏ လူယုံက လျှို့ဝှက်သင်္ကေတများ ပျောက်ဆုံးခဲ့ကြောင်း ပြောကြားခဲ့သည်ဟုဆိုသည်။

အဆိုပါ ဖြစ်စဉ်သည် ၂၀၀၀ ပြည့်နှစ် ဝန်းကျင်တွင် ဖြစ်ပွားခဲ့ပြီး ပျောက်ဆုံးသွားသော လျှို့ဝှက်သင်္ကေတများကို ချက်ချင်းပြန်လည် အစားထိုးခဲ့ကြောင်း သိရသည်။

စည်းမျဉ်းစည်းကမ်းများအရ နျူကလီးယားလက်နက် ပစ်ခတ်ရေးဆိုင်ရာ လျှို့ဝှက်သင်္ကေတများကို တာဝန်ရှိသူတစ်ဦးက လစဉ်စစ်ဆေးရပြီး လေးလတစ်ကြိမ် သင်္ကေတအသစ်များ လဲပေးရသည်ဟုဆိုသည်။ ***အင်တာနက်။***





ဩဂုတ် ၂၅ ရက်က ကွန်ဂိုနိုင်ငံတွင် ပျက်ကျခဲ့သော ခရီးသည်တင် လေယာဉ်ပျက်ကို တွေ့ရစဉ်။

## လာမည့် ၁၂ နှစ်အတွင်း ကျားသတ္တဝါများ မျိုးသုဉ်းနိုင်ဖွယ်ရှိ

**စတော့ဟုမ်း အောက်တိုဘာ ၂၂**

ကျားသတ္တဝါများသည် လာမည့် ၁၂ နှစ်အတွင်း မျိုးသုဉ်းနိုင်ဖွယ်ရှိရာ လက်ရှိကျဆင်းလျက်ရှိသော ကျားကောင်ရေကို ထိန်းသိမ်းရန် ရုရှားနိုင်ငံ၌ လာမည့်လအတွင်း ထိပ်သီးညီလာခံ တစ်ရပ် ကျင်းပမည်ဖြစ်ကြောင်း သဘာဝသားရိုင်းတိရစ္ဆာန်ကာကွယ်ထိန်းသိမ်းရေးအဖွဲ့ (ဒဗလျူ ဒဗလျူ အက်ဖ်) က အောက်တိုဘာ ၂၁ ရက်တွင် ပြောကြားသည်။

လာမည့်နှစ်မှစ၍ ၁၂ နှစ်တာကာလအတွင်း ကျားများ မျိုးသုဉ်းနိုင်မည့်အခြေအနေဆိုးကို တွေ့ကြုံရဖွယ်ရှိကြောင်း ဒဗလျူ ဒဗလျူ အက်ဖ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အစီအစဉ် အကြီးအကဲက ပြောကြားသည်။

ကမ္ဘာပေါ်တွင် လက်ရှိရှင်သန်နေဆဲ ကျားကောင်ရေကို ၂၀၂၂ ခုနှစ်တွင် နှစ်ဆတိုးနိုင်ရေးအတွက် သဘာဝသားရိုင်းတိရစ္ဆာန်ကာကွယ်ထိန်းသိမ်းရေးအဖွဲ့က တစ်ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှုတစ်ရပ်ကို ဖော်ဆောင်လျက်ရှိသည်။

ပြီးခဲ့သည့် ရာစုနှစ်အတွင်း ကျားများကို တရားမဝင် အမဲလိုက်သတ်ဖြတ်ခြင်း၊ ၎င်းတို့နေထိုင်ရာ ပတ်ဝန်းကျင် ဇရိယာ ကျဉ်းမြောင်းလာခြင်း၊ အရှေ့တိုင်းတွင် ဆေးဝါးအတွက် အလို့ငှာ ကျားသတ္တဝါ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ကုန်သွယ်ရောင်းချနေခြင်းကြောင့် ကမ္ဘာ့ကျားကောင်ရေသည် ၉၇ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပြီး လက်ရှိတွင် တစ်ကမ္ဘာလုံး၌ ကျားကောင်ရေ ၃၂၀၀ ဝန်းကျင်ခန့်သာ ရှိတော့ကြောင်း သိရသည်။ ***အေအက်ဖ်ပီ။***

## လွတ်ထွက်လာသော မိကျောင်းကြောင့် ကွန်ဂို၌ လေယာဉ်ပျက်ကျခဲ့

**ကင်ရှာဆာ အောက်တိုဘာ ၂၂**

ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ပြီးခဲ့သည့် ဩဂုတ်လက ဖြစ်ပွားခဲ့သော ခရီးသည်တင်လေယာဉ်ပျက်ကျမှု၏ အဓိကအကြောင်းရင်းမှာ သားရိုင်းတိရစ္ဆာန် မှောင်ခိုသယ်ယူသူတစ်ဦး၏ အိတ်ထဲမှ လွတ်ထွက်လာသော မိကျောင်းတစ်ကောင်ကြောင့်ဖြစ်ကြောင်း လေယာဉ်ပျက်ကျမှုတွင် တစ်ဦးတည်း ရှင်သန်ခဲ့သူ၏အဆိုကို ကိုးကား၍ ဒေးလီးတယ်လီဂရပ် သတင်းစာက အောက်တိုဘာ ၂၁ တွင် ဖော်ပြသည်။

ချက်နိုင်ငံလုပ် အယ်လ်-၄၁၀ တာဘိုလက် လေယာဉ်သည် ကွန်ဂိုနိုင်ငံ မြို့တော်ကင်ရှာဆာမှ ဘန်ဒွန်ဒူသို့ ဦးတည်ပျံသန်းစဉ် ဩဂုတ် ၂၅ ရက်က ပျက်ကျခဲ့ရာ လေယာဉ်မှူးနှင့် လိုက်ပါလာသူ ၁၉ ဦး သေဆုံး၍ တစ်ဦးသာ အသက်ရှင်ခဲ့သည်။

### ဟန်ချက်ပျက်ယွင်း

အိတ်အတွင်းမှ မိကျောင်းလွတ်ထွက်လာစဉ် ကြောက်လန့်တကြားဖြစ်နေသော ခရီးသည်များ ဝရုန်းသုန်းကားဖြစ်ခဲ့ရာ လေယာဉ်ဟန်ချက်ပျက်ယွင်းပြီး ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း စုံစမ်းစစ်ဆေးရေးအစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါ လေယာဉ်သည် ဘန်ဒွန်ဒူလေဆိပ်အနီး လူနေအိမ်တစ်လုံးပေါ် ပျက်ကျခဲ့ခြင်းဖြစ်သည်။ မိကျောင်းမှာ လေယာဉ်ပျက်ကျမှုမှ လွတ်မြောက်ခဲ့သော်လည်း တစ်စုံတစ်ဦးက ဓားဖြင့်ခုတ်၍ သေဆုံးခဲ့ကြောင်း သိရသည်။

အချို့အစီရင်ခံချက်များတွင် လေယာဉ်မဆင်းသက်မီ ခရီးသည်များ လေယာဉ်ဦးပိုင်းသို့ စုပြုံသွားရောက်ကြရာမှ ဟန်ချက်ပျက်၍ လေယာဉ်ပျက်ကျခဲ့ကြောင်း ဖော်ပြထားသည်။ ***ယူပီအိုင်။***

## အစိုးရအဖွဲ့ ဖွဲ့စည်းရာတွင် အမေရိကန်၏ အကြံဉာဏ် အီရတ်လက်ခံမည်မဟုတ်

**ဘဂ္ဂဒက် အောက်တိုဘာ ၂၂**

အီရတ်အစိုးရအပေါ် အမေရိကန်နိုင်ငံ၏ ဩဇာလွှမ်းမိုးမှုသည် တဖြည်းဖြည်းကျဆင်းလာကြောင်း အောက်တိုဘာ ၂၁ ရက် သတင်းများတွင် ဖော်ပြသည်။ အီရတ်နိုင်ငံတွင် အစိုးရအဖွဲ့ဖွဲ့စည်းရေးအတွက် အမေရိကန်အစိုးရ၏ အကြံဉာဏ်များအတိုင်း ဆက်လက်လုပ်ဆောင်မည်မဟုတ်ကြောင်း အီရတ်လွှတ်တော်အမတ်များနှင့် နိုင်ငံရေးခေါင်းဆောင်များက လပေါင်းများစွာကပင် ပြောကြားခဲ့ပြီးဖြစ်သည်။

ကန်တပ်ဖွဲ့ဝင်အင်အား ၄၄၀၀ကျော် သေဆုံးခဲ့ရသော အီရတ် စစ်မြေပြင်တွင် အမေရိကန်နိုင်ငံ၏ပါဝင်မှုအခန်းကဏ္ဍကို သံသယများလာသည်နှင့်အမျှ အီရတ်နိုင်ငံသည် ၎င်း၏ နိုင်ငံရေးလမ်းညွှန်အနေဖြင့် အိမ်နီးချင်းနိုင်ငံများ အထူးသဖြင့် အီရန်နိုင်ငံကို အားထားလာကြောင်း သတင်းများတွင် ဖော်ပြသည်။

အမေရိကန် ဩဇာလွှမ်းမိုးမှု ကျဆင်းလာသည်နှင့်အမျှ အီရတ်အရေးအရာများတွင် အိမ်နီးချင်းနိုင်ငံများ၏ ဩဇာလွှမ်းမိုးလာကြောင်း ရှီးယိုက်လွှတ်တော်အမတ်တစ်ဦးက ယမန်နေ့တွင် ပြောကြားသည်။

အလားတူ အီရတ်နိုင်ငံ၌ အီရန်သံအမတ်၏ အခန်းကဏ္ဍသည် အမေရိကန်ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်၏ အခန်းကဏ္ဍထက် ပိုမိုကျယ်ပြန့်ကြောင်း ကာဒစ်လွှတ်တော်အမတ်တစ်ဦးက သုံးသပ်သည်။ ***အေပီ။***



## အမ်စတာဒမ်ရစ်ဂျ်တူးမြောင်းအတွင်း ကုန်သင်္ဘောနှင့် ခရီးသည်တင် ကူးတို့သင်္ဘောတိုက်

**အမ်စတာဒမ် အောက်တိုဘာ ၂၂**

နယ်သာလန်နိုင်ငံတောင်ပိုင်း တူးမြောင်းတစ်ခုထဲတွင် ကုန်တင်သင်္ဘောတစ်စင်းနှင့် ခရီးသည်တင် ကူးတို့သင်္ဘောတစ်စင်းတို့ သောကြာနေ့က တိုက်မိရာ ခရီးသည်တင် ကူးတို့သင်္ဘောမှ အသက်ရှင်ကျန်ရစ်သူများကို နယ်သာလန် အရေးပေါ် ကယ်ဆယ်ရေးဝန်ထမ်းများက ရှာဖွေလျက်ရှိကြောင်းသိရသည်။ **(အပေါ်ပုံ)**

ကယ်ဆယ်ရေးဝန်ထမ်းများက ခရီးသည်တင် ကူးတို့သင်္ဘောပေါ်မှ ရေထဲပြုတ်ကျသွားဖွယ်ရှိသူ ခရီးသည်များကို ကယ်ဆယ်ရန် ကြိုးပမ်းနေစဉ် အခင်းဖြစ်ပွားရာ အမ်စတာဒမ်ရစ်ဂျ်တူးမြောင်းအတွင်း ရေကြောင်းသွားလာမှုများကို ရပ်ဆိုင်းထားခဲ့သည်။ သတင်းများ၏အဆိုအရ ခရီးသည်တင်ကူးတို့သင်္ဘော၏ ရေယာဉ်မှူးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။

အမ်စတာဒမ်ရစ်ဂျ် တူးမြောင်းသည် အမ်စတာဒမ် ဆိပ်ကမ်းနှင့် ဥရောပတိုက်၏ အဓိက မြစ်ကြီးတစ်စင်းဖြစ်သော ရိုင်းမြစ်ကို ဆက်စပ်ပေးထားသော တူးမြောင်းဖြစ်ပြီး ရေကြောင်းသွားလာမှုများပြားသော တူးမြောင်းဖြစ်သည်။ အဆိုပါ တူးမြောင်း၏ ရေလမ်းကြောင်းသည် ၇၂ ကီလိုမီတာ ရှည်လျားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

## တောမီးရှို့ခြင်းရပ်တန့်ရန် အင်ဒိုနီးရှားကို အိမ်နီးချင်းနိုင်ငံများ တောင်းဆို

**စင်ကာပူ အောက်တိုဘာ ၂၂**

တရားမဝင် သစ်တောရှင်းလင်းမီးရှို့မှုများကို ရပ်တန့်ရန် စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့က အင်ဒိုနီးရှားနိုင်ငံကို သောကြာနေ့က တိုက်တွန်းလိုက်သည်။ အင်ဒိုနီးရှားနိုင်ငံ၌ သစ်တောများ မီးရှို့ရှင်းလင်းမှုကြောင့် ထွက်ပေါ်လာသော မီးခိုးများသည် မလေးကျွန်းဆွယ်တောင်ပိုင်းအထိ ရောက်ရှိခဲ့ပြီး ဒေသတွင်း လေထုညစ်ညမ်းမှုကို ပိုမိုဆိုးရွားစေကြောင်း သိရသည်။

လယ်ယာစိုက်ပျိုးရန်အလို့ငှာ အင်ဒိုနီးရှားလယ်သမားများက တောမီးရှို့ရာမှ ထွက်ပေါ်လာသော မီးခိုးများသည် မလက္ကာရေလက်ကြားကို ဖြတ်၍ မိုင် ၅၀ အကွာရှိ စင်ကာပူနှင့် မလေးရှားတောင်ပိုင်းဒေသများအထိ လေနှင့်အတူ မျောလွင့်ရောက်ရှိခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

ယင်းမီးခိုးများကြောင့် စင်ကာပူနိုင်ငံ၏ လေထုညစ်ညမ်းမှုဆိုင်ရာအညွှန်းကိန်းသည် အောက်တိုဘာ ၂၁ ရက်က မြင့်တက်ခဲ့ပြီး ၂၀၀၆ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ကျန်းမာရေးဆိုင်ရာပြဿနာများ ကြုံတွေ့ခဲ့ရသည်။ ***အင်တာနက်။***

## ဗြိတိန်ရေတပ်မတော်မှ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘော သောင်တင်



သောင်တင်နေသော ရေငုပ်သင်္ဘော အိတ်ချ်အမ်အက်စ်အက်စ်ကျု (အလယ်)ကို တွေ့ရစဉ်။

**လန်ဒန် အောက်တိုဘာ ၂၂**

စကော့တလန် ကမ်းရိုးတန်းကမ်းလွန်ရေပြင်တွင် ဗြိတိန်ရေတပ်မှ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စင်း မတော်တဆမှုတစ်ခုကြောင့် သောကြာနေ့က သောင်တင်ခဲ့ကြောင်း ဗြိတိန် အာဏာပိုင်များက ပြောကြားသည်။

သို့ရာတွင် အဆိုပါ ရေငုပ်သင်္ဘော မတော်တဆမှုသည် ပြဿနာကြီးမားခြင်းမရှိဘဲ ဒဏ်ရာရရှိသူလည်း မရှိကြောင်း အာဏာပိုင်များက ပြောကြားသည်။ မတော်တဆမှုကြောင့် သောင်တင်ခဲ့သော နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောမှာ အိတ်ချ်အမ်အက်စ်အက်စ်ကျူ ဖြစ်ပြီး ၂၀၀၇ ခုနှစ်တွင် ဗြိတိန်ရေတပ်၌ စတင်တာဝန်ထမ်းဆောင်ခဲ့သော နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စင်းဖြစ်သည်။

အလျား မီတာ ၁၀၀ ရှိသော အိတ်ချ်အမ်အက်စ် အက်စ်ကျူသည် စကော့တလန်နိုင်ငံ အနောက်ဘက်ကမ်းရိုးတန်းဒေသ ကမ်းလွန်ရှိ စကေးကျွန်းအနီး ကျောက်တန်းများပေါ်တွင် သောင်တင်နေခြင်းဖြစ်သည်။ ရေငုပ်သင်္ဘော သောင်တင်မှုဖြစ်စဉ်သည် နျူကလီးယား မတော်တဆမှုမဟုတ်ကြောင်း၊ အခြေအနေအရပ်ရပ်ကို တုံ့ပြန်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီး၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အိတ်ချ်အမ်အက်စ် အက်စ်ကျူရေငုပ်သင်္ဘောတွင် စပီးယားဖစ်ရှ် တိုပီဒိုများနှင့် တိုမာဟော့ခ်ခရုစ် ဒုံးကျည်များ တပ်ဆင်ထားသည်။ ***အေပီ။***

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ



တရုတ်(တိုင်ပေ) ကျွန်းတွင် တိုင်ဖွန်းမီဂီကြောင့် မိုးသည်းထန်စွာ ရွာသွန်းကာ ရေကြီးရေလျှံမှုများ ဖြစ်ပွားနေသည်ကို အောက်တိုဘာ ၂၂ ရက်က တွေ့ရစဉ်။

# တရုတ်(တိုင်ပေ)ကျွန်း၌ တိုင်ဖွန်းမုန်တိုင်းတိုက်ခတ် ကမ္ဘာလှည့်ခရီးသည်တင် ဘတ်စ်ကားတစ်စီး ပျောက်ဆုံးလျက်ရှိ

**တရုတ်(တိုင်ပေ) အောက်တိုဘာ ၂၂**-တရုတ်(တိုင်ပေ)ကျွန်းတွင် သောကြာနေ့၌ တိုင်ဖွန်းမုန်တိုင်းမီဂီဝင်ရောက်ခဲ့ရာ မြေပြိုမှုများ ဖြစ်ပေါ်ခဲ့ပြီး ဘုရားကျောင်းတစ်ကျောင်း ရွှံ့နွံအောက်တွင် နစ်မြုပ်ခဲ့သည်။ ယင်းအပြင် အဝေးပြေးလမ်းမတစ်လျှောက်တွင် မော်တော်ယာဉ်များ ပိတ်မိနေကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

တရုတ်ကမ္ဘာလှည့်ခရီးသည် ၁၉ ဦး တင်ဆောင်လာသော ဘတ်စ်ကားတစ်စီးမှာ ပျောက်ဆုံးလျက်ရှိသည့်အပြင် ဘုရားကျောင်းမြေပြိုမှုကြောင့် သုံးဦးသေဆုံး၍ ပျောက်ဆုံးနေသူ ၂၇ ဦးရှိသည်ဟု ဆိုသည်။

တိုင်ဖွန်းမီဂီတိုက်ခတ်မှုကြောင့် တရုတ်(တိုင်ပေ)ကျွန်း အီလန်ဒေသတွင် ၄၈ နာရီကြာ မိုးသည်းထန်စွာရွာသွန်းရာ စံချိန်တင်မိုးရေချိန် ၄၅ လက်မ(၁၁၄ စင်တီမီတာ)အထိရှိကြောင်း၊ တိုင်ဖွန်းမီဂီသည် သောကြာနေ့ ညနေပိုင်းတွင် ဟောင်ကောင်ကျွန်း၏ အရှေ့တောင်ဘက် ၂၇၅ မိုင် (၄၄၀ ကီလိုမီတာ)ခန့်တွင် တစ်နာရီလျှင် မိုင် ၉၀ နှုန်းဖြင့် တိုက်ခတ်လျက်ရှိကြောင်း ဟောင်ကောင်မိုးလေဝသဌာနက ကြေညာသည်။

မီဂီသည် တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်းနှင့် ဖူကျန့်ပြည်နယ်များသို့ သောကြာနေ့ညနှင့် စနေနေ့အတွင်း ရောက်ရှိမည်ဟု မျှော်လင့်ရကြောင်း မိုးလေဝသပညာရှင်များက ကြေညာသည်။ **အေပီ။**

# ဗီယက်နမ်ရေဘေး သေဆုံးသူ ၇၅ ဦးအထိ ရှိလာ

**ဟန်နွိုင်း အောက်တိုဘာ ၂၂**

ဗီယက်နမ်နိုင်ငံအလယ်ပိုင်းတွင် ရေလွှမ်းမိုးမှုကြောင့် သေဆုံးသူအရေအတွက်မှာ ၇၅ဦးအထိရှိလာကြောင်း သဘာဝဘေးအန္တရာယ်ကာကွယ်ရေးတာဝန်ရှိသူများက သောကြာနေ့တွင် ပြောကြားသည်။

ရေစီးသန်သဖြင့် ဘတ်စ်ကားတစ်စီးမှာ ရေစီးကြောင်းအတိုင်းမျောပါသွားရာ ၁၄ဦးသေဆုံး၍ ခြောက်ဦး ပျောက်ဆုံးနေသည်ဟုဆိုသည်။

ရေလွှမ်းနေသော ပြည်နယ်လေးခုမှ သေဆုံးသူ ၁၆ ဦး၏ အလောင်းများကို ရှာဖွေနိုင်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

ရေစီးကြောင်းကဆွဲယူသွား၍ လမ်းမပေါ်မှ မြစ်ထဲရောက်ရှိသွားသည့် ဘတ်စ်ကားတစ်စီးကို ပြန်လည်ဆယ်ယူ သည့်အခါ ယင်းကားအတွင်း၌ ကိုးဦးသေဆုံးနေသည်ကို တွေ့ရသည်ဟု ကယ်ဆယ်ရေးသမားများက ပြောသည်။ အခြား သေဆုံးသူ ငါးဦး၏အလောင်းများကိုလည်း ထိုနေ့ မှာပင် ယင်းမြစ်အတွင်းမှ ရှာဖွေတွေ့ရှိခဲ့သည်ဟု ဆိုသည်။

ကယ်ဆယ်ရေးသမားများသည် ပျောက်ဆုံးလျက်ရှိသော ခရီးသည်ခြောက်ဦးကို ဆက်လက်ရှာဖွေနေဆဲဖြစ်ကြောင်း သဘာဝဘေးအန္တရာယ်ကာကွယ်ရေးတာဝန်ရှိသူက ပြောကြားသည်။ **အေပီ။**

# ဆိုမာလီကို ရေကြောင်းနှင့် လေကြောင်းမှပိတ်ဆို့ရန် အာဖရိကသမဂ္ဂတိုက်တွန်း

**မိုဂါဒစ်ရှူး အောက်တိုဘာ ၂၂**

ဆိုမာလီနိုင်ငံကို ရေကြောင်းနှင့်လေကြောင်းပိတ်ဆို့မှုများပြုလုပ်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို အာဖရိကသမဂ္ဂ (အေယူ)ကတောင်းဆိုခဲ့ကြောင်း အောက်တိုဘာ ၂၁ ရက် သတင်းများတွင်ဖော်ပြထားသည်။

ယင်းသို့ပိတ်ဆို့ခြင်းဖြင့် ဆိုမာလီအစိုးရကို ဆန့်ကျင်ပုန်ကန်နေသော သူပုန်အုပ်စုများထံ လက်နက်များပေးပို့မှုကို တားဆီးနိုင်မည်ဖြစ်ပြီး ဆိုမာလီပင်လယ်ဓားပြများ၏ အန္တရာယ်ကိုလည်းဟန့်တားနိုင်မည်ဖြစ်ကြောင်း အေယူ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာမဟာမင်းကြီးက ပြောကြားသည်။

ယင်းအပြင် ဆိုမာလီနိုင်ငံရှိ အာဖရိကသမဂ္ဂတပ်ဖွဲ့ဝင် ၈၀၀၀ ကို ၂၀၀၀၀ အထိ အင်အားဖြည့်တင်းခွင့်ပြုရန်လည်း ၎င်းက ထပ်မံတောင်းဆိုခဲ့သည်။

အင်အားချည့်နဲ့နေသော ဆိုမာလီအစိုးရသည် အစ္စလာမ္မစ် အစွန်းရောက်သောင်းကျန်းသူများ၏အန္တရာယ်နှင့် ရင်ဆိုင်နေရသည်။

ဆိုမာလီနိုင်ငံ၏ အင်အားအကောင်းဆုံးအစ္စလာမ္မစ်သူပုန်အဖွဲ့ဖြစ်သော အယ်လ်ရှာဘတ်အဖွဲ့သည် မြို့တော်မိုဂါဒစ်ရှူး၏ အစိတ်အပိုင်းများအပါအဝင် ဆိုမာလီနိုင်ငံဒေသအများအပြားကို ထိန်းချုပ်ထားသည်။ **အင်တာနက်။**

# နျူထရီနိုအမှုန်သုတေသနစီမံကိန်း အိန္ဒိယနိုင်ငံဖော်ဆောင်မည်

**နယူးဒေလီ အောက်တိုဘာ ၂၂**

အိန္ဒိယနိုင်ငံ အဏုမြူစွမ်းအင်ဦးစီးဌာနသည် နျူထရီနို (Neutrinos)ဟုခေါ်သော အာကာသအမှုန်များကို လေ့လာသုတေသနပြုရန် ဒေါ်လာသန်းများစွာတန်သော မြေအောက်သုတေသနအလုပ်ရုံတစ်ခုကို တည်ဆောက်မည်ဖြစ်ကြောင်း အောက်တိုဘာ ၂၁ ရက် သတင်းများတွင် ဖော်ပြသည်။

နျူထရီနိုအမှုန်သုတေသန အလုပ်ရုံကို တမီလ်နာဒူးပြည်နယ်တောင်ပိုင်းကမ်းရိုးတန်းဒေသရှိ ဆိုဒီဝက်စ်တောင်တန်းဒေသတွင်တည်ဆောက်ရန် အိန္ဒိယနိုင်ငံပတ်ဝန်းကျင်နှင့် သစ်တောရေးရာဝန်ကြီးဌာနက ခွင့်ပြုမိန့်ပေးခဲ့သည်။

အမေရိကန်ဒေါ်လာသန်းပေါင်း ၂၇၀ကုန်ကျမည့် နျူထရီနိုအမှုန် သုတေသနစခန်းသည် ကမ္ဘာပေါ်တွင် ပဉ္စမမြောက်နျူထရီနိုသုတေသနစခန်းဖြစ်လာမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံတွင်ဖော်ဆောင်ခဲ့ဖူးသမျှ သိပ္ပံပညာရပ်ဆိုင်ရာ သုတေသနစီမံကိန်းများအနက် အကြီးမားဆုံးနှင့် ရည်ရွယ်ချက်အရှိဆုံးစီမံကိန်းဖြစ်သည်။

အိန္ဒိယ၏နျူထရီနို သုတေသနစီမံကိန်းတွင် နိုင်ငံတကာအဖွဲ့အစည်းပေါင်း ၂၀မှ သိပ္ပံပညာရှင် ၉၀ခန့်ပါဝင် ဆောင်ရွက်မည်ဖြစ်ကြောင်း အိန္ဒိယနျူထရီနိုသုတေသနအဖွဲ့က ပြောကြားသည်။

နျူထရီနိုအမှုန်များသည် စကြာဝဠာအတွင်း အလျှံပယ်တွေ့ရှိနိုင်သော သေးငယ်သည့် လျှပ်စစ်ဓာတ်မဲ့ အခြေခံအမှုန်များဖြစ်သည်။ နေနှင့်ကြယ်များ၏ နျူကလီးယားပေါင်းဖွဲ့မှုဖြစ်စဉ်နှင့် စွမ်းအင်ကုန်ဆုံးမှုဖြစ်စဉ်တို့ကြောင့် နျူထရီနိုအမှုန်များ ထွက်ပေါ်တတ်သည်။ **အင်တာနက်။**

# မင်းပြားမြို့နယ်နှင့် မြေပုံမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၂

**ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းတွင် မင်းပြားမြို့နယ် ဂရင်ဂျိုင်ဆည်တွင် ဆည်တာတမံကြံ့ခိုင်မှုနှင့် ရေပိုက်လိုင်းများ ကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတို့က ဆည်တာတမံကြံ့ခိုင်ရေး ဆောင်ရွက်ထားမှုများအား ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။**

ထို့နောက် တိုင်းမှူးသည် နယ်မြေခံတပ်ရင်းခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များပေးအပ်ကာ နယ်မြေခံတပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးသည် မင်းပြားမြို့နယ် ကမ်းနီကျေးရွာသို့ရောက်ရှိ၍ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အဆောက်အအုံ ပျက်စီးဆုံးရှုံးခဲ့ကြရသော ဒေသခံကျေးရွာမိသားစုများအား တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Nguyen Cong Nghiep ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# ဝန်ကြီး ဦးလှထွန်းအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၂**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Nguyen Cong Nghiep ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ၍ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို အကျယ်တဝင့်ဆွေးနွေးကြသည်။

ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှသိန်းဆွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့ဆွေးနွေးရာတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နှစ်နိုင်ငံ ဘဏ္ဍာရေး၊ ငွေရေးကြေးရေး၊ ရင်းနှီးမြှုပ်နှံမှုများနှင့် လူမှုစီးပွား ဖွံ့ဖြိုးမှုအခြေအနေများကို အပြန်အလှန်ရှင်းလင်းတင်ပြကြရာ မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံ ဒုတိယဝန်ကြီးများက လိုအပ်သည်များဖြည့်စွက်ရှင်းလင်းဆွေးနွေးကြသည်။

ညပိုင်းတွင် ဝန်ကြီး ဦးလှထွန်းက ဧည့်သည်တော် ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များအား နေပြည်တော် ရွှေနန်းတော်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မဇ္ဈိမဒေသ ကထိန်သင်္ကန်း လှူဒါန်းနိုင်

**နေပြည်တော် အောက်တိုဘာ ၂၂**

အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာဘုန်းတော်ကြီးကျောင်း ၁၁ ကျောင်းနှင့် တက္ကသိုလ် ရှစ်ခုတို့တွင် ဝါဆိုတော်မူကြသော မြန်မာရဟန်းတော် ၃၄၈ ပါးနှင့် ဝေးလံခေါင်းပါးသော အာသံ-တြိပူရ-မဏိပူရဒေသများရှိ မြန်မာဘုန်းတော်ကြီးကျောင်းများ၌ သီတင်းသုံးတော်မူကြသော သံဃာတော်အပါး ၄၀၀ ကျော် (စုစုပေါင်း သံဃာ ၇၄၈) ပါးခန့်တို့အတွက် မဇ္ဈိမဒေသ (၃၃)ကြိမ်မြောက် ကထိန်သင်္ကန်းများကို နိုဝင်ဘာ ၂၀ ရက် နောက်ဆုံးထား၍ မဇ္ဈိမဒေသသာသနာပြုအဖွဲ့ အမှတ်(၁၃-က) ငါးထပ်ကြီးဘုရားလမ်း (ရုပ်ရှင်အစည်းအရုံး အနီး) ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၄၅၂၁၅၊ ၀၁-၅၄၅၂၁၆ နှင့် ၀၁-၅၅၅၁၇၃၊ ဗုဒ္ဓ မဓမ္မ ဒါန စေတနာရှင် များအဖွဲ့ (ရွှေမြင်တင်ဦးညို) အမှတ်(၁၂) မြို့သစ်(၁)လမ်း ကျောက်မြောင်း တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၄၂၂၃၆၊ ဒါန ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့ YUZANA BUSINESS TOWER အခန်း(၃၀၃) (၃-လွှာ) ဓာတ်လှေခါးအမှတ်(၂) ဓမ္မ စေတီလမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၃၆၃၄၈၊ ၀၁-၇၂၇၇၄၆၊ ၀၉-၅၀၀၁၇၆၃ နှင့် ၀၉-၈၀၂၁၅၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ကွယ်လွန်သူ ဇနီး ဒေါ်နီနီအား ရည်စူး၍ ဦးတင်ဝင်း ရဲဦးစီးအရာရှိချုပ်(ငြိမ်း)နှင့် သားသမီးမြေးတစ်စုတို့က အောက်တိုဘာ ၂၂ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့ ပညာရေးရန်ပုံငွေအဖြစ် ပထမအကြိမ် အလှူငွေကျပ် ခုနစ်သိန်းကို ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်စိုးထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)



သစ်တောသစ်ပင်
ဒို့ချစ်ခင်
အစဉ်စိုက်ပျိုး
အလှတိုး

# သီတင်းကျွတ်ကား - ရွှေလွှတ်တော်ပွဲ

ဌေးလွင်(ဆားလင်းကြီး)

မြန်မာလ (၁၂)လတွင် သီတင်းကျွတ်လသည် ခုနစ်လမြောက်လဖြစ်သည်။ ဗေဒင်ဝေါဟာရအားဖြင့် တူရာသီဖြစ်၍ အသဝနီနက္ခတ်နှင့် စန်းယှဉ်သော လဖြစ်၍ ကြီးတာရာထွန်းတောက်သည်။ ကြာနီ၊ ကြာဖြူ၊ ကြာညို၊ ကြာတံဆိပ်(ကြာပုဏ္ဍရိက်)၊ ကြာခေါင်းလောင်း၊ ကြာမျိုးငါးပါးတို့ပွင့်၍ ကြာပန်းရနံ့တို့ သင်းပျံ့ကြိုင်လှိုင်သည်။ မြင်းမိုရ်မီးပွဲကို ဆင်နွှဲသောလဖြစ်သည်။ သီတင်းကျွတ်လကို 'သန်တူလ' ဟု ရှေးက ခေါ်ဝေါ်ကြသည်။ သန်-သည် မိုးရာသီဖြစ်၍ ဝသန္တမှ ' သန် 'ကို ယူထားပြီး 'တူ'မှာ တူရာသီဖြစ်သည်။ သီတင်းကျွတ်ရာသီဖွဲ့ကို ဖိုးသူတော်ဦးမင်းက-

ကြာငါးမည်ကြိုင်သင်းလို့
လျှံဝင်းတဲ့ပြောင်ထိန်။
ရွှေနန်းတောင်တော်ဦးမှာ၊
ကွန့်မြူးမြင်းမိုရ်မီး
ညီးတဲ့ခါချိန်။ ။
ရှိခိုးငယ်နှိမ် သုံးကြိမ်ရိုပျောင်း။
သက္ကစ္စ ဂါရဝနှင့်၊ စဉ်အလာပူဇော်ပွဲကို။
နွှဲကြပေတောင်း ဟု - လေးဆစ်သဖြန်ဖြင့်

ဖွဲ့ဆိုထားသည်။

သီတင်းကျွတ်လ၏ ပွဲတော်ကား 'မြင်းမိုရ်မီးပွဲ' ဖြစ်သည်။ မီးမြင်းမိုရ်ပွဲဟုလည်း ခေါ်ကြသည်။ မြင်းမိုရ်မီးပွဲကို ဘာကြောင့် ကျင်းပသနည်း။ မြတ်စွာဘုရားသည် ခြောက်ဝါအလွန် ခုနစ်ဝါမြောက်သောဝါကို တာဝတိံသာ နတ်ပြည်သို့ ကြွတော်မူ၍ ပင်လယ်ကသစ်ပင်ရင်း၌ ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာကျောက်ဖြာထက်၌ သီတင်းသုံးတော်မူသည်။ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သား အမှူးထား၍ နတ်ဗြဟ္မာအပေါင်း တို့အား ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားကို ဟောကြားတော်မူသည်။ သီတင်းကျွတ်လပြည်နေ့ မြတ်စွာဘုရား လူ့ပြည်သို့ ပြန်ကြွတော်မူသောအခါ သိကြားမင်းသည် မြင်းမိုရ်တောင်ထိပ်မှ သင်္ကာသနဂိုရ် ပြည်သို့အရောက် အလယ်မှ ပတ္တမြားစောင်းတန်း၊ ဝဲယာမှ ရွှေစောင်းတန်း၊ ငွေစောင်းတန်း သုံးသွယ်ဖန်ဆင်း၍ ထားသည်။ မြတ်စွာဘုရားသည် အလယ်ပတ္တမြားစောင်းတန်းမှ ကြွတော်မူသောအခါ ဗြဟ္မာမင်းကြီးတို့သည် ရွှေထီး ငွေထီး သန္တာထီးတို့ကို မိုးကာလျက် ဗြဟ္မာအပေါင်းခြံရံကာ လက်ယာရွှေစောင်းတန်းဖြင့် ဆင်းသက်ကြသည်။ သိကြားမင်းနှင့်တကွ နတ်အပေါင်းတို့သည် ရွှေတံခွန် ငွေတံခွန်တို့ကို ကိုင်ဆောင်လျက် ဗေလုဝနတ်စောင်းကိုတီး၍ ခြံရံလိုက်ပါကြသည်။ဤသို့ မြတ်စွာဘုရား တာဝတိံသာနတ်ပြည်မှ သင်္ကာသနဂိုရ်ပြည်သို့ ကြွတော်မူသည်ကို ပူဇော်သောအားဖြင့် ဆီမီးမြင်းမိုရ် ပူဇော်ပွဲကို ဆင်နွှဲကျင်းပကြသည်။ ထိုအစဉ်အလာသည် မြန်မာနိုင်ငံ၌ ဗုဒ္ဓပူဇော်ပွဲဖြစ်၍ ယနေ့မျက်မှောက်ခေတ် အထိ ဆင်နွှဲကျင်းပကြသည်။ မန္တလေးခေတ် သီပေါမင်း လက်ထက် ဆီမီးမြင်းမိုရ်ပွဲကျင်းပပုံကို ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီး တတိယတွဲတွင် ရေးသားထားသည်။

'ကနကမယ နာဂိန္ဒရာဇာမြင်းမိုရ်ချာမှ သင်္ကာသနဂိုရ်ပြည်သို့ ရွှေငွေပတ္တမြားဟူသော စောင်းတန်း နတ်လမ်းသုံးသွယ်ဖြင့် နတ်ဗြဟ္မာအပေါင်း ခြံရံလျက် ဆင်းသက်တော်မူသောအခါ မင်းနှင့်တကွ ပြည်သူပြည်သားအပေါင်းတို့ ဆီမီးတန်ဆောင် ညှိဆောင်ထွန်းလင်းပူဇော်ခြင်းဟူသော-ထုံးပဝေဏီ၊ အမှီတန္တု အနှုန်းပြုပြီးလျှင် သီတင်းကျွတ်လအခါ ဆီမီးမြင်းမိုရ် ထွန်းညှိပူဇော်ခြင်း၊ မင်းပွဲသဘင် ဆင်ယင်တော် နန်းအစဉ် ထုံးစံရှိသည့်အတိုင်း ဆီမီး မြင်းမိုရ် ထွန်းညှိပူဇော်တော်မူရန် နန်းမြို့တော် အတွင်း လွှတ်တော်မြောက်တွင် အရှေ့မြင်းမိုရ်နှင့် ရုပ်စုံစင်၊ အနောက်စမုခ်ဆောင်တော်ရှေ့ ယာဘက်တွင် အနောက်မြင်းမိုရ်နှင့်ရုပ်စုံစင် . . .

စသည်ဖြင့် ရေးသားထားသည်။ ဤသို့ မြင်းမိုရ် ဆောက်လုပ်၍ မီးပူဇော်ခြင်းကြောင့် မီးမြင်းမိုရ်ပွဲ၊ ဆီမီး မြင်းမိုရ်ပွဲဟု ခေါ်ဝေါ်ခြင်းဖြစ်သည်။ သီတင်းကျွတ် လရာသီပွဲတော်မှာ မီးမြင်းမိုရ်ပွဲတော်ဖြစ်သည်။ နန်းဓလေ့ မြန်မာ့ယဉ်ကျေးမှုထုံးစံအရ ပွဲတစ်ပွဲ ရှိပါသေးသည်။ ဆယ့်နှစ်ရာသီဘွဲ့ကဗျာများတွင် ထိုပွဲကို ဖွဲ့ဆိုသော ကဗျာ က နည်းလှပါသည်။ ထိုပွဲကား ရွှေလွှတ်တော်ပွဲဖြစ်သည်။

ဆိုသည်ရှာ ဦးအောင်ကြီးဖွဲ့ဆိုသော အဝမြို့ဘွဲ့ (၁၂)ရာသီလူးတားတွင် ရွှေလွှတ်တော်ပွဲကို ဦးစားပေး ဖွဲ့ဆိုထားသည်။

သာစွလေ၊ မြောက်လေပြန်စ
ကောင်းကင်လနှင့် အသဝနီ
ပြည့်လှာညီသော်၊ ရာသီတူခွင်
ရေပြင်လှတင့်၊ ကြာမျိုးပွင့်၍
မြတ်ကျင့်ခေါင်ထွတ်၊ သီတင်းကျွတ်ကား
ရွှေလွှတ်တော်ပွဲ၊ ထက်မြဲခင်းကျင်း
မြို့တွင်း မြို့ပြင်၊ ထွန်းတင်ညီးဝါ
မြို့လယ်မှာမူ၊ အချာဗဟို
မီးမြင်းမိုရ်လည်း၊ မင်္ဂိုလ်ရှေးရှု
ပူဇော်လှူ၍၊ လူတို့ထွတ်ချာ
စောနရာလျှင်၊ ရတနာဒုယင်
မကိုဋ်ဆင်လျက်၊ သဘင်ထွက်ခါ
စကြာချပ်ဆင့်၊ ရှစ်ဆိုင်းဖွင့်၍
စဉ်သင့်နေထား၊ ရာတစ်ပါးတို့
ဖလားရွှေစိုင်၊ ရွှေခိုင်မောက်မောက်
ထိုက်လျောက်မြတ်နိုး၊ အုပ်ထည်မျိုးနှင့်
ရှိခိုးလက်ဆောင် . . .

စသည်ဖြင့် ရွှေလွှတ်တော်ပွဲကို ပြည့်ပြည့်စုံစုံ ဖွဲ့ထားသည်။ မီးမြင်းမိုရ်ပွဲကို ပါရုံသာဖွဲ့ဆိုထားသည်။ ဦးအောင်ကြီး၏ လူးတားမှာ အဝမြို့ဘွဲ့ဟု ဆိုထားရာ အဝမြို့၏ နန်းဓလေ့ရွှေလွှတ်တော်ပွဲကို ပြည့်စုံအောင် ဖွဲ့ဆိုမှသာ အဝမြို့ဘွဲ့ ပီပြင်ပေမည်။

သီတင်းကျွတ်လ ရွှေလွှတ်တော်ပွဲကို ဖွဲ့ဆိုသော ကဗျာတစ်ပုဒ်ရှိပါသေးသည်။ မဟာအတုလမင်းကြီး၏ ဆယ့်နှစ်ရာသီဘွဲ့ လွမ်းချင်းတွင်လည်း-

ဝါဆိုကင်းလွတ်၊ သီတင်းကျွတ်မို့၊
ဘုံထွတ်ကယ်ဥကင်၊
ဖွင့်စံပယ်ရှင်သောအခါ တိုင်းခွင်ကြီး
အောင်ချာမှာ . . .

စသောကဗျာမှာလည်း ရွှေလွှတ်တော်ပွဲကျင်းပပုံကို ဖွဲ့ဆိုထားခြင်းဖြစ်သည်။ အခြားကဗျာတစ်ပုဒ်လည်း ရှိပါသေးသည်။ ရှည်လျားမည်ကြောင့် မဖော်ပြတော့ပါ။ ရွှေလွှတ်တော်ပွဲမှာ သုံးပွဲရှိပါသည်။

"တစ်နှစ်လျှင် နှစ်သစ်၊ ဝါဝင်၊ ဝါကျွတ်သုံးကြိမ် မြောက် ကန်တော့ခံတော်မူသည်။ နှစ်သစ် ကန်တော့ခံမှာ အတာတက်သည့်နောက် ရက်ပေါင်း လေးဆယ်မြောက် သင်္ကြန်ရာဇ ဦးခေါင်းပေါ်ပြီး နောက်မှ ကန်တော့ခံတော်မူမြဲဖြစ်၍ ကဆုန်လ ဖြစ်စေ၊ နယုန်လဖြစ်စေ အမြဲမရှိ၊ ဝါဝင်ကန်တော့ ပွဲမှာ ဝါဆိုလပြည့်ကျော် (၁)ရက်နေ့၊ ဝါကျွတ် ကန်တော့ပွဲမှာ သီတင်းကျွတ်လပြည့်ကျော်(၁)ရက် နေ့အစပြု၍ သုံးရက် ကန်တော့ခံတော်မူသည်" ဟု ရွှေနန်းသုံး ဝေါဟာရ အဘိဓာန်တွင် ရေးထား သည်။

(၁၂)ရာသီပွဲတော်များတွင် သီတင်းကျွတ်လ မြင်းမိုရ်မီးပွဲသာ သတိပြုမိသည်။ ဦးအောင်ကြီးလူးတား ဖတ်ကြည့်ရာ "သီတင်းကျွတ်ကား ရွှေလွှတ်တော်ပွဲ" ဟူသော နန်းဓလေ့ရာသီပွဲကို တွေ့ရှိရသဖြင့် သီတင်း ကျွတ်လ ရွှေလွှတ်တော်ပွဲကို တင်ပြအပ်ပါသတည်း။ ။

## အလှဝါကျွတ်ည

- "တူ"ရာသီခွင်၊ ရှစ်ဝန်းကျင် ကြည်လင်သန့်ရှင်း၊ မိုးလေကင်း သွင်းပါလေလေ့ မြောက်လေချို။
- ဗုဒ္ဓမြတ်စွာ၊ ဆင်းကြွလာ ငွေဇာဖြန့်ခင်း၊ စန္ဒာမင်း လင်းပါလေလေ့ ဦးတိုက်ကြို။
- စိမ်းလဲ့ရေပြာ၊ မြကန်သာ ရွှေကြာပွင့်ပန်း၊ လရောင်နမ်း လန်းပါလေလေ့ သင်းနံ့ချို။
- ပြာဝါစိမ်းနီ၊ ရောင်စုံညီ ဆီမီးပန်းကုံး၊ ရှုမဆုံး ဖုံးပါလေလေ့ ပြည်တစ်ခို။
- မီးခိုးမှိုင်းခံ၊ မီးပုံးပျံ အမျိုးဟန်မပျက်၊ ဒိုးသံဆက် တက်ပါလေလေ့ မိုးယံကို။
- ငြိမ်းအေးသံသာ၊ တေးထံတျာ ကညာနှမ၊ စည်းချက်ကျ ကပါလေလေ့ ဟန်မူပို။
- မိဘ၊ ဆရာ၊ သက်ကြီးဝါ ညီညာကန်တော့မြဲ၊ ပူဇော်ပွဲ နွှဲပါလေလေ့ ချစ်ကြည်ညို။
- ဒါနအလှူ၊ ပန်ဆုယူ စင်ဖြူသီလ၊ မေတ္တာမျှ ငှပါလေလေ့ မြတ်ကုသိုလ်။
- ညစ်ကျူပယ်ခွာ၊ ကျောင်းဝိဟာ ဘာဝနာခန်း၊ စောင့်စီးဖြန်း မှန်းပါလေလေ့ နိဗ္ဗာန်ကို။
- ဝါကျွတ်ညခါ၊ မြန်ပြည်ရွာ စဉ်လာအရှိ ဆင်ကာကြို၊ မင်္ဂလာအပြည့် ယှဉ်ပါသကို။ ။

ဇော်မင်းမင်းဦး



## မှန်တိုင်းမိုးရွာသွန်းမှုကြောင့် ရိတ်သိမ်းပြီး ရိတ်သိမ်းဆဲ ရိတ်သိမ်းမည့်မိုးစပါးများ လေလွင့်ဆုံးရှုံးမှုမရှိစေရန် တောင်သူလယ်သမားများသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နှိုးဆော်ချက်ထုတ်ပြန်

* မိုးရွာနေစဉ် လုံးဝစပါးမရိတ်သိမ်းပါနှင့်။
* ရိတ်သိမ်းဆဲ စပါးခင်းများကို အချိန်အခါမဲ့ မိုးရွာပြီးသည်အထိ ခေတ္တရပ်ထားပါ။ မရိတ်သိမ်းရသေးသော စပါးခင်း၏ စပါးစေ့များသည် ရိတ်သိမ်းပြီး ကောက်လှိုင်းရှိ စပါးစေ့များထက် လေလွင့်ဆုံးရှုံးမှု ပိုမိုသက်သာစေသည်။
* ရိတ်သိမ်းပြီး ကောက်လှိုင်းများကို အမြန်ဆုံးခြွေလှေ့၍ အမိုးအကာအောက်သို့ပို့ပါ။
* ရိတ်သိမ်းထားသည့် စပါးခင်းအနီးနှင့် နီးစပ်ရာကုန်းမြင့်တွင် စပါးခြွေစက်ဖြင့် ချက်ချင်းခြွေပြီး တလင်းပျောက်စနစ် ကျင့်သုံးပါ။
* ရိတ်သိမ်းပြီးစပါးကို အမြန်ဆုံးခြွေနိုင်ရန် ကျေးရွာများရှိ စပါးခြွေစက်များအားလုံးကို စွမ်းအားပြည့်အသုံးချ၍ ဆောင်ရွက်ပါ။ လိုအပ်ပါက စက်မှုလယ်ယာဦးစီးဌာန၏ အကူအညီကို ရယူဆောင်ရွက်ပါ။
* နယ်လှေ့ပြီး စပါးများကို အမြန်ဆုံးအိတ်သွတ်၍ အမိုးအကာအောက်သို့ပို့ပါ။
* စပါးခြွေနယ်လှေ့ရန် အချိန်မမီပါက ကောက်လှိုင်းများကို လယ်ကွက်ထဲတွင်မထားဘဲ အမိုးအကာအောက် ချက်ချင်း ပို့ပါ။ ကောက်လှိုင်းများရွှေ့ပြောင်းရန် အချိန်မမီပါက တာလပတ်၊ ပလတ်စတစ် စသည့် အမိုးအကာများနှင့် ဖုံးအုပ်ထားပါ။
* ရိတ်သိမ်းပြီး စပါးခင်းထဲတွင် ကောက်ပြန့်များရှိပါက အမြန်ဆုံး ကောက်လှိုင်းစည်း၍ အနံ့ထောင်ပြီးထားပါ။ ကောက်လှိုင်းများကို မိုးရေလျှောဆင်းနိုင်ရန် တစ်ဖက်ရပ်ပုံထားပါ။
* စပါးခြွေသော တလင်းများ၏ ပတ်လည်တွင် ရေနုတ်မြောင်းများ ပြုလုပ်ထားပါ။
* တလင်းအတွင်း ကောက်ပြန့်တွင်မိုးမိပါက ကောက်ရိုးများအမြန်ဆုံးဖယ်ရှား၍ ရေစိုစပါးများကို နေလှန်း အခြောက်ခံပါ။
* ကောက်လှိုင်းများ ခြွေခြင်း၊ စပါးများ အမြန်ရွှေ့ခြင်း၊ ခြွေပြီးစပါးများ ရွှေ့ပြောင်းခြင်း၊ ကောက်လှိုင်းများကို အဖုံးအကာများနှင့်ဖုံးခြင်း စသည့် လုပ်ငန်းများကို လက်စားလိုက်စနစ်ဖြင့်လည်းကောင်း၊ စုပေါင်းဖွဲ့စည်း၍ လည်းကောင်း၊ လူအင်အား၊ စက်အင်အားအပြည့်အဝ အသုံးပြု၍ ဆောင်ရွက်ပါ။
* လိုအပ်သော အကူအညီများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ လုပ်ငန်းဌာနများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များနှင့် ညှိနှိုင်းဆက်သွယ်၍ အကူအညီများ ရယူဆောင်ရွက်ပါ။

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**



## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၃-၁၀-၂၀၁၀ (စနေနေ့)**
**၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ (ဥပုသ်နေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိ ပါဠိတော်
- ၇း၃၀ ၂။ နံနက်ခင်းသတင်း
- ၇း၄၀ ၃။ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ (အဖွဲ့ဝင်) ရခိုင်ပြည်နယ် စစ်တွေမြို့ ကုန်တန်းရပ်ကွက် သဒ္ဓမ္မဂရုစာသင်တိုက် (ပုသိမ်ကျောင်း) ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတဟောကြားတော်မူအပ်သော "ကျေးဇူးသိတတ် ကျေးဇူးဆပ်" တရားတော်
- ၈း၁၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမြင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၈း၃၀ ၅။ International News
- ၈း၃၅ ၆။ Islands of Dhamma
- ၈း၄၀ ၇။ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကရေမ္မဘဏ္ဍာဂါရိက) တိပိဋကမဟာဂန္ထဝင်ကျောင်းတိုက် ဒဂုံမြို့သစ်( အရှေ့ပိုင်း) မြို့နယ် ရန်ကုန်တိုင်းဒေသကြီး ထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း
- ၉း၀၀ ၈။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ ဝါကျွတ်တေးများ
- ၁၁း၂၅ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
- ၁၁း၅၅ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂း၃၀ ၅။ Yan Can Cook
- ၁၂း၄၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ" (အပိုင်း-၅၃)**
- ၁း၃၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁း၄၀ ၈။ "မဟော်သဓာ" (အပိုင်း-၅)
- ၂း၂၀ ၉။ "ထူးမြတ်ပါသည့် ကမ္ဘာ့ဝိပဿနာစေတီ"
- ၂း၅၀ ၁၀။ International News
- ၃း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၃း၄၅ ၁။ Myanmar National League MNL (2010)ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ရတနာပုံ F.Cနှင့် ရန်ကုန်ယူနိုက်တက် F.C)
- ၅း၄၅ ၂။ တေးဂီတအစီအစဉ်
- ၆း၀၀ ၃။ ညနေခင်းသတင်း
- ၆း၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၅။ အလှရှာမယ်လှကမ္ဘာဝယ်
- ၆း၃၅ ၆။ ယဉ်တစ်ကိုယ်မယ်
- ၇း၀၀ ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အတိတ်ရဲ့ပုံရိပ်" (အပိုင်း-၂၅)**
- ၈း၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ "ဘယ်လိုမဲပေးကြမှာလဲ" (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ)
- ၁၂။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၆၇)**
- ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝမိုးတိမ်" (အပိုင်း-၃)**
- ၁၄။ ဂီတတံခါးလေးဖွင့်ပါဦး
- ၁၅။ သီတဂူဆရာတော်ကြီး၏ အဘိဓမ္မာအခါတော်နေ့ တရားတော်
- ၁၆။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၁၇။ အစီအစဉ်ပြီး၏။

# တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အစည်းအဝေးဖွင့်ပွဲ ဝန်ကြီး ဦးတင်နိုင်သိန်း တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၂

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်းသည် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေး၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်တို့နှင့်အတူ အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ကျင်းပလျက်ရှိသည့် (၇)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ပါဝင်ပြသလျက်ရှိသည့် မြန်မာအမျိုးသားပြခန်းဆောင်နှင့် မြန်မာနိုင်ငံမှ ကုန်သည်လုပ်ငန်းရှင်များ ပါဝင်ပြသနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ မြန်မာပြခန်းများအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။**

ဝန်ကြီးသည် မွန်းလွဲ ၂ နာရီတွင် နန်နင်းအပြည်ပြည်ဆိုင်ရာ ညီလာခံနှင့် ကုန်စည်ပြခန်းဆောင်၌ ကျင်းပသည့် (၇)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာကိုယ်စားလှယ်အဖွဲ့အား ဦးဆောင်၍ တက်ရောက်ခဲ့သည်။

ထို့နောက် နန်နင်းမြို့ ပြည်သူ့ညီလာခံခန်းမဆောင်၌ ကျင်းပသည့် (၇)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ ဆက်လက်တက်ရောက်ခဲ့သည်။

ဆက်လက်၍ ဝန်ကြီးသည် ညနေ ၅ နာရီတွင် နန်နင်းမြို့၌ ရောက်ရှိနေသော ယူနန်ပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Gu Zhaoxi၊ ယူနန်ပြည်နယ် ကုန်သွယ်ရေးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ နှစ်ဖက် ရောင်းလိုအား၊ ဝယ်လိုအားရှိသော ကုန်ပစ္စည်းများကို အမျိုးအစားအလိုက် အရောင်းအဝယ် တိုးမြှင့်ဆောင်ရွက်နိုင်ရန် အကြီးတန်းအရာရှိများ အစည်းအဝေး ကျင်းပရေးနှင့် ကုန်သွယ်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့သည်။

ထို့နောက် ဝန်ကြီးသည် ညပိုင်းတွင် ကွမ်ရှီကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူး Mr. Ma Biao၊ တာဝန်ရှိသူများနှင့် လက်ခံတွေ့ဆုံကာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ စိုက်ပျိုးရေးနည်းပညာ ပူးပေါင်းဆောင်ရွက်မှုနှင့် နန်နင်းမြို့၌ တည်ဆောက်ပြီးစီးခဲ့သည့် မြန်မာကုန်သွယ်ရေး ကိုယ်စားလှယ်ရုံး လက်ခံလွှဲပြောင်းရေးနှင့် ရုံးဖွင့်လှစ်ရေး ကိစ္စများကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ကျင်းပလျက်ရှိသည့် (၇)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ကုမ္ပဏီ ၁၀၃ ခု၊ လုပ်ငန်းရှင် ၂၈၃ ဦးတို့က လယ်ယာထွက်ကုန်များ၊ ရေထွက်ပစ္စည်းများ၊ စားသောက်ကုန်များ၊ ဆေးဝါးများ၊ သစ်အချောထည်များ၊ လက်မှုပစ္စည်းများနှင့် ကျောက်စိမ်း၊ ကျောက်မျက်ပစ္စည်းများ ပါဝင်ပြသလျက်ရှိသည်။ ဤသို့ပြသလျက်ရှိသော မြန်မာလုပ်ငန်းရှင်များသည် နန်နင်းမြို့၌ ရှိနေစဉ်အတွင်း လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်မှုလုပ်ငန်းများ၊ လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများ၊ မျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်းများသို့လည်း သွားရောက်လေ့လာကြကာ အခြားနိုင်ငံမှ ကုန်သည်များနှင့်လည်း စီးပွားရေးကိစ္စများ တွေ့ဆုံညှိနှိုင်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း (၇)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ပါဝင်ပြသလျက်ရှိသော မြန်မာကုမ္ပဏီများ၏ ပြခန်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)



အောက်တိုဘာ ၂၂ရက်က မန္တလေးမြို့နေ ဦးသန့်-ဒေါ်ချစ်ချစ် (မြင့်မြင့်ခင်ထိုးမုန့် မိသားစု)က မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး နှလုံးဆေးကုဌာနအတွက် တန်ဖိုးငွေ USD 38,000 ရှိ Polygraphic Monitor Mennen Horizon 9000 XVu with CFE Unit ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးဝင်း လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (သတင်းစဉ်)

## News Watch (စောင့်ကြည့်) သတင်းဂျာနယ်ထွက်ရှိ

ရန်ကုန် အောက်တိုဘာ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံတော်ကို အောက်တိုဘာ ၂၁ ရက်နေ့က စတင်လွှင့်ထူ၊ မူးယစ်ဆေးဝါး ဖမ်းဆီးရာတွင် အများဆုံးမိသည်က စိတ်ကြွရူးသွပ်ဆေးပြားများဖြစ်၊ လစာငွေမရရှိသည့် သင်္ဘောသားများ ပြဿနာကို MOSA မှ အများဆုံး ဖြေရှင်းပေးနေ၊ ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးကျေးရွာ ဓားပြမှုကို ခေါင်းဆောင်ခဲ့သူ ဓားပြခေါင်းဆောင်ကို အသေဖမ်းမိ၊ ARV ဆေး သုံးစွဲကုသနေရသူများကို အင်းစိန်နှင့် လှိုင်သာယာသို့ပို့ပေး၊ အောက်တိုဘာလဆန်းက ပင်လယ်ထဲ မျောပါခဲ့သည့် ရေလုပ်သား ၃၃ ဦးအနက် ဝါးဖောင်ဦးစီးလုပ်သူနှင့် တွေ့ဆုံမေးမြန်း၊ တိုင်ဖွန်းဒဏ်ခံ မြန်မာသင်္ဘောသားများကိုလည်း တရုတ်(တိုင်ပေ) ကမ်းခြေစောင့်တပ်က ကယ်တင်လိုက်ရ၊ တိုင်ဖွန်းမုန်တိုင်း FANAPI (12 W) တရုတ်(တိုင်ပေ)ကျွန်းအား တိုက်ခတ်ရန် သေချာနေပြီ၊ ဂျပန်သံရုံး စာမေးပွဲအောင်မြင်သူများကို လစာသုံးသိန်းနှင့် ခန့်မည်၊ ထီဆုကြီး အမှန်တကယ်ပေါက်မည်ဟု လိမ်လည်ကာ ဘဏ်က ငွေလွှဲခိုင်းပြီး ထီစာအုပ်ရောင်းချ၊ သဘာဝဘေးအန္တရာယ် သတိပေးကိရိယာ ကျေးရွာအချို့တွင် တပ်ဆင်၊ ငါးသိန်းတန်ဖုန်းနှင့်တွဲလျက် ဖက်စ်များ ဈေးကွက်တွင်းပြတ်လပ်၊ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီး ပြောင်းရွှေ့မည်ဆိုသောသတင်းများ ထွက်ပေါ်နေ၊ မလေးရှား အလုပ်ပါမစ်ရရှိမှု ကြန့်ကြာလာ၊ ယုဇနပလာဇာတွင် ဆေးမျိုးစုံ လက်လီလက်ကား ဝယ်ယူနိုင်တော့မည်၊ သီတဂူဆရာတော်အရှင်ဉာဏိဿရ မန္တလေး ဗဟိုအကျဉ်းထောင်မှ အကျဉ်းသားများအား ကျပ်သိန်း ၄၅၀ ဖိုး ထောက်ပံ့လှူဒါန်း၊ ဝင်ကြေးပေးရန်မလိုသည့် ဓာတ်ပုံပြိုင်ပွဲ ပထမဆု ကန်ဒေါ်လာ ၁၅၀၀ ချီးမြှင့်မည်၊ လာမည့် ၂၀၂၅တွင် သွေးချိုရောဂါလူနာ သန်း ၃၀၀ ခန့် ရှိလာနိုင်မည်ဟုသိရ။

ဇင်ယော်နီရဲ့ ကံကောင်းဂဏန်း အဟောများ၊ အနှစ် ၂၀ အတွင်း ပထမဆုံးအကြိမ် ရွေးကောက်ပွဲ တရားမျှတတယ်၊ မမျှတဘူး နိုင်ငံသားတိုင်းသိရှိဟု ကော်မရှင်ဥက္ကဋ္ဌက ပြောကြားသွား၊ နေတိုး၏ အကယ်ဒမီအမှုအရာများနှင့် ကြည်ဖြူသျှင်၏ "မိုးညအိပ်မက်မြူ" ရုပ်ရှင်ဇာတ်ကား၊ "အတိတ်၏အရိပ်"ရုပ်ရှင်ကားနှင့် မင်းသားအောင်သူရ တရုတ်ပြည်မှာဆုရ၊ မောင်သန်းဆွေ(ထားဝယ်)၏ ချစ်ရေးမညီသည့် မေရီမိဖုရားအကြောင်း၊ ဆရာပါရဂူ၏ ဗုဒ္ဓစာပေကိုအားပေးခဲ့သည့် ကဗျာဆရာကြီး တဂိုးအကြောင်း၊ ကိုရီးယား SS501 နှင့် U KISS အဖွဲ့၊ ဂျွန်စော၊ ထယ်ဆောက်၊ ဘေယွန်ဂျွန်း၊ ဒါရိုက်တာရင်တို့က သရုပ်ဆောင်နှင့်ရုပ်ရှင် ဘယ်ဟာကို အဓိကထားသလဲ စသည်များနှင့် သတင်း၊ ဖျော်ဖြေရေး၊ ဗဟုသုတ အစရှိသဖြင့် အားရပါးရ ဖတ်ရှုရမည့် News Watch (စောင့်ကြည့်)ဂျာနယ် ထွက်ရှိနေပြီဖြစ်သည်။

(သတင်းစဉ်)

○ ရှေ့ဖုံးမှ

ဦးအဲဒီစင်နှင့်တွေ့ဆုံခဲ့သည်။ ထို့နောက် ရမည်းသင်းခရိုင် အင်ဂျင်နီယာနှင့်အတူ ဆက်လက်၍ ပျော်ဘွယ်မြို့ နတ်မောက်လမ်းခွဲသို့ ရောက်ရှိသည်။

### ၁၈ ပေကျယ်

နတ်မောက်လမ်းခွဲသည် ရန်ကုန်-မန္တလေးကားလမ်းမကြီးမှ ခွဲထွက်လာခဲ့သောလမ်းဖြစ်ပြီး ၁၈ပေကျယ် ကတ္တရာလမ်းဖြစ်သည်။ပျော်ဘွယ်မြို့မှ နတ်မောက်မြို့အထိ ၆၂မိုင်လေးဖာလုံဖြစ်၍ စုစုပေါင်း ပျော်ဘွယ်မှမကွေးအထိ စုစုပေါင်း ၉၈မိုင်လေးဖာလုံရှိသည်။ ပျော်ဘွယ်မှထွက်လာခဲ့ရာ မြေပြန့်လွင်ပြင်တွင် နှမ်း၊ ပဲ၊ ပြောင်း သီးနှံများ စိုက်ပျိုးထားကြသည်ကို တွေ့ရသည်။ ပျော်ဘွယ်မြို့မှ ၂၅မိုင် လေးဖာလုံသည် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး နယ်ခြားဖြစ်ပြီး အဆိုပါနယ်ခြားမှ နတ်မောက်မြို့အထိ ၃၇မိုင်နှင့် နတ်မောက်မြို့မှ မကွေးထိ ၃၆မိုင် လမ်းဖောက်ထားသည်။ ပဲခူးရိုးမကို ဖြတ်သန်း၍ ရေဝေကုန်းရိုးအတိုင်း အနိမ့်အမြင့် အတက်အဆင်း အနည်းဆုံးနေရာများအလိုက် လမ်းအူကြောင်း ရှာဖွေဖောက်လုပ်ထားသည်ကို တွေ့ရသည်။ မကွေးမြို့နယ် ကန်ပြားရွာအထိ ၁၂ပေ ကတ္တရာလမ်းဖြစ်ပြီး ကန်ပြားရွာမှ မကွေးမြို့အထိ ၁၈ပေအကျယ် ကတ္တရာလမ်းဖြစ်သည်။

ပျော်ဘွယ်-နတ်မောက်လမ်းမှာ ၁၉၆၄ ခုနှစ်ကတည်းက ကျောက်လမ်းအဖြစ် တည်ရှိခဲ့သည်။ ထို့နောက် တပ်မတော်အစိုးရလက်ထက် ၁၉၉၅-၁၉၉၆ခုနှစ်က စတင်ပြီး ပြန်လည်၍ ဖောက်လုပ်ခဲ့ရာ ကတ္တရာလမ်းအထိ ဖြစ်ထွန်းခဲ့သည်။ ထိုလမ်းတစ်လျှောက်တွင် ပဲ၊ နှမ်း၊ ငရုတ်၊ ဝါ၊ ကြက်သွန်များစိုက်ပျိုးကြသည်။ ရွာစဉ်များနှင့် ချောင်းခြောက်များ ပေါများသည်။ ကျားထူးချောင်း၊ မြို့ချောင်း၊ လေးအိမ်ချောင်း၊ ကျွဲမင်းကျချောင်း၊ ဝါးခုတ်ချောင်းနှင့် ရေယိုချောင်း(နတ်မောက်-မကွေးနယ်အတွင်း) တွေ့ရှိရသည်။

### ခရီးလမ်းတို

မကွေးသို့ သွားရောက်ပါက ယခင်က ပျော်ဘွယ်-မိတ္ထီလာ ၂၇ မိုင်၊ မိတ္ထီလာ-ကျောက်ပန်းတောင်း ၆၅မိုင်၊ ကျောက်ပန်းတောင်း-မကွေး ၆၁မိုင် စုစုပေါင်း ၁၅၃ မိုင်ခန့် သွားရောက်ရသော်လည်း ယခုအခါ ပျော်ဘွယ်မြို့မှ မကွေးမြို့အထိ မိုင်ပေါင်း ၉၈ မိုင် ဖောက်လုပ်ထားသော ပျော်ဘွယ်-နတ်မောက်-မကွေး လမ်းအတိုင်းသွားပါက မိုင်ပေါင်း ၅၀ ခန့် သက်သာစွာ သွားလာနိုင်၍ ခရီးလမ်းပန်း တိုတောင်းစွာဖြင့် သွားလာနေကြပြီဖြစ်သည်။

### ရေကျော်များတည်ဆောက်

လမ်းတစ်လျှောက်တွင် ကုန်တင်ကားများ၊ ခရီးသည်တင် အမြန်ယာဉ်များ၊ ကိုယ်ပိုင်ယာဉ်နှင့် ဌာနဆိုင်ရာ ကားငယ်များ သွားလာပြေးဆွဲနေသည်ကို တွေ့ရှိရသည်။ စိုင်းကောင်းရွာအနီးတွင် အကွေ့အကောက်များ တွေ့ရှိရသည်။ ဖော်ပြပါ ချောင်းခြောက်များတွင် တံတားများမရှိ၍ ရေကျလာလျှင် ချောင်းများကို ဖြတ်၍ မရတော့ဘဲ သွားလာနေကြသော ယာဉ်ကြီး၊ ယာဉ်ငယ်များ ကမ်းဘေးတွင် စောင့်ဆိုင်းနေရသော အခက်အခဲများ၊ ခရီးကြန့်ကြာမှုဖြစ်နေကြရသည်။သို့သော် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထိုအခက်အခဲများ ဖြေရှင်းနိုင်ရန် အဆိုပါလမ်း ၃၈ မိုင် သုံးဖာလုံတွင် နဘူးကွဲချောင်း၊ ၄၈ မိုင် နှစ်ဖာလုံအနီးရှိ မြို့ချောင်း၊ ၅၈ မိုင် နှစ်ဖာလုံအနီး ကျွဲမင်းကျချောင်း၊ ၆၁ မိုင် သုံးဖာလုံရှိ ဝါးခုတ်ချောင်းတို့ကို ကွန်ကရစ်ရေကျော်များအဖြစ် တည်ဆောက်နေပြီဟု သိရှိရသည်။ မိုင် ၇၀ လေးဖာလုံမှ စတင်တည်ရှိနေသော ကွန်ကရစ်ရေကျော် အတက်အဆင်းနေရာများ၌ ယာဉ်အန္တရာယ် ကင်းဝေးစေရန်အတွက် လမ်းတာပေါင်များ တိုးချဲ့ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ရာသီမရွေး သွားလာနိုင်ရန်အတွက် လမ်းအဆင့်မြှင့်တင်ရေး စီမံချက်အရ ကျားထူးချောင်းနှင့် ရေယိုချောင်းတို့အား သံကူကွန်ကရစ်တံတားများအဖြစ် တည်ဆောက်ရန် စီစဉ်နေပြီဖြစ်ကြောင်း သိရှိရသည်။ ပျော်ဘွယ်-နတ်မောက်-ရွာမွန်-ကန်ပြား-မကွေးလမ်းကို ရာသီမရွေး သွားလာနိုင်ရေးအတွက် လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားခဲ့ရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူ ဆောင်ရွက်ရမည့်အဖွဲ့များကို ခွဲဝေပေးခဲ့သည်။ထိုအဖွဲ့များက အသီးသီး တာဝန်ခွဲဝေ ဖောက်လုပ်ခဲ့သည်။

**ပျော်ဘွယ်မြို့မှ နတ်မောက်လမ်း အဝင် ၁၈ ပေအကျယ် လမ်းမကြီးပေါ်တွင် ယာဉ်များ သွားလာနေစဉ်။**



### ရာသီမရွေး

ထို့နောက် မကွေးတိုင်း အင်ဂျင်နီယာချုပ်ရုံးသို့ ရောက်ရှိခဲ့ရာ မကွေးခရိုင် အင်ဂျင်နီယာမှူး ဒေါ်သူဇာညွှန့်နှင့် လက်ထောက်အင်ဂျင်နီယာ ဒေါ်ဉမ္မာလှိုင်တို့က သိရှိလိုသည့်အချက်အလက်များကို ရှင်းပြသည်။ ထို့နောက် မိမိတို့ သတင်းအဖွဲ့ ကြာကန်ချောင်းကို ဖြတ်ကျော်၍ ကန်ပြားကို ရောက်သည်။ ကန်ပြားမှ မကွေးမြို့သို့ ကတ္တရာလမ်းအတိုင်း ဝင်ရောက်လာခဲ့ရာ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးသို့ ခရီးတိုတောင်းစွာဖြင့် ရာသီမရွေး သွားလာနိုင်ရန် ဖောက်လုပ်ထားသော ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကန်ပြား လမ်းမကြီး၏ အကျိုးကျေးဇူးကို ကိုယ်တိုင်ကိုယ်ကျ ခံစားတွေ့ရှိခဲ့ရပါတော့သည်။ ။

**မြစ်ကိုတွေ့လျှင် တံတားဆောက် ပြည်ခွင်သာဖို့ လမ်းခင်းစို့**

# ဆိုင်ကလုန်းမုန်တိုင်းဂီရိ အနီရောင်အဆင့်သို့ ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၂**

ယနေ့နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေခဲ့သော ဆိုင်ကလုန်းမုန်တိုင်း “ဂီရိ” (GIRI) သည် အရှေ့မြောက်ဘက်သို့ဆက်လက်ရွေ့လျားခဲ့ပြီး ကျောက်ဖြူမြို့၏ အနောက်တောင်ဘက် မိုင် ၁၁၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် ပိုမိုအားကောင်းလာနိုင်ပြီး ယနေ့နံနက်မှ နောက် ၁၈ နာရီအတွင်း ရခိုင်ကမ်းရိုးတန်းကို စစ်တွေမြို့နှင့် ကျောက်ဖြူမြို့ အကြားမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။

ဆိုင်ကလုန်းမုန်တိုင်း“ဂီရိ”၏ လက်ရှိအခြေအနေမှာ အနီရောင်အဆင့်သို့ရောက်ရှိပြီး ရခိုင်ကမ်းရိုးတန်းဘက်ဆီသို့ ဦးတည်ရွေ့လျားလာသည့်အခြေအနေဟု သတ်မှတ်သည်။

မုန်တိုင်းကမ်းသို့ဖြတ်ကျော်စဉ် လေတိုက်နှုန်းမှာ တစ်နာရီ ၆၅ မိုင်မှ မိုင် ၇၀ အထိရှိနိုင်ပြီး မုန်တိုင်းဒီရေ ငါးပေမှ ရှစ်ပေခန့် မြင့်တက်လာနိုင်သဖြင့် ကျောက်ဖြူခရိုင်အတွင်းရှိ ကျောက်ဖြူမြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ မာန်အောင်မြို့နယ်နှင့် အမ်းမြို့နယ်၊ စစ်တွေခရိုင်အတွင်းရှိ စစ်တွေမြို့နယ်၊ ပေါက်တောမြို့နယ်၊ မြေပုံမြို့နယ်များတွင်မုန်တိုင်းဒီရေ အန္တရာယ်ကျရောက်နိုင်သည်။ သို့ဖြစ်၍ အဆိုပါဒေသများရှိ ကမ်းရိုးတန်းနေပြည်သူများသည် ဘေးလွတ်ရာသို့ ကြိုတင်ရှောင်ရှားသင့်ကြောင်း အကြံပြုအပ်ပါသည်။

ထို့အပြင် မုန်တိုင်းနှင့်အတူ မိုးသည်းထန်စွာရွာသွန်းနိုင်သဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ကုန်းမြင့်၊ တောင်စောင်းများတွင် နေထိုင်ကြသောပြည်သူများအနေဖြင့် မြေပြိုမှုအန္တရာယ်များကိုလည်း သတိပြုရှောင်ရှားသင့်သည်။

အဆိုပါ မုန်တိုင်း၏အရှိန်ကြောင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် မြစ်ဝကျွန်းပေါ်ဒေသများတွင် တစ်နာရီလျှင် မိုင် ၅၀ မှ ၆၅ မိုင်အထိ တိုက်ခတ်နိုင်သည့်အတွက် ပင်လယ်ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ်ကို ကြိုတင်ရှောင်ရှားသင့်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

# ဆိုင်ကလုန်းမုန်တိုင်းဂီရိ ရခိုင်ကမ်းရိုးတန်းဘက်ဆီသို့ ဦးတည်ရွေ့လျားလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၂**

ယနေ့နံနက် ၉ နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေခဲ့သော ဆိုင်ကလုန်းမုန်တိုင်း “ဂီရိ” (GIRI) သည် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားခဲ့ပြီး ကျောက်ဖြူမြို့၏ အနောက်တောင်ဘက် မိုင် ၇၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် ပိုမိုအားကောင်းလာပြီး ရခိုင်ကမ်းရိုးတန်းကို စစ်တွေမြို့နှင့် ကျောက်ဖြူမြို့အကြားမှ ယနေ့မွန်းတည့် ၁၂ နာရီအချိန်တွင် စတင်ဖြတ်ကျော်ပြီး နောက် ၁၂ နာရီအတွင်း ကုန်းတွင်းသို့ ဝင်ရောက်မည်ဖြစ်သည်။

ဆိုင်ကလုန်းမုန်တိုင်း“ဂီရိ”၏ လက်ရှိအခြေအနေမှာ အနီရောင်အရေးပေါ်အခြေအနေသို့ရောက်ရှိပြီး ရခိုင်ကမ်းရိုးတန်းဘက်ဆီသို့ ဦးတည်ရွေ့လျားလျက်ရှိသည်။

မုန်တိုင်းသည် ကမ်းသို့ဖြတ်ကျော်စဉ် လေတိုက်နှုန်းမှာ တစ်နာရီ မိုင် ၇၀ မှ ၇၅ မိုင်အထိရှိနိုင်ပြီး မုန်တိုင်းဒီရေအမြင့်ဆုံးမှာ ၁၂ ပေခန့် မြင့်တက်လာမည်ဖြစ်၍ ကျောက်ဖြူခရိုင်အတွင်းရှိ ကျောက်ဖြူမြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ မာန်အောင်မြို့နယ်နှင့် အမ်းမြို့နယ်၊ စစ်တွေခရိုင်အတွင်းရှိ စစ်တွေမြို့နယ်၊ ပေါက်တောမြို့နယ်၊ မြေပုံမြို့နယ်များတွင် မုန်တိုင်းဒီရေအန္တရာယ် ကျရောက်နိုင်သည်။ သို့ဖြစ်၍ အဆိုပါဒေသများရှိ ကမ်းရိုးတန်းနေပြည်သူများသည် ဘေးလွတ်ရာသို့ ကြိုတင်ရှောင်ရှားရန် လိုအပ်သည်။

ထို့အပြင် မုန်တိုင်းနှင့်အတူ မိုးသည်းထန်စွာရွာသွန်းနိုင်သဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ကုန်းမြင့်တောင်စောင်းများအနီး မြေနိမ့်ဒေသများတွင်နေထိုင်ကြသော ပြည်သူများအနေဖြင့် မြေပြိုမှုအန္တရာယ်များကိုလည်း သတိပြုရှောင်ရှားသင့်သည်။

မုန်တိုင်း၏အရှိန်ကြောင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တွင် တစ်နာရီလျှင် မိုင် ၇၀ မှ ၇၅ မိုင်အထိ တိုက်ခတ်နိုင်ပြီး မြစ်ဝကျွန်းပေါ်ဒေသများတွင် တစ်နာရီလျှင် မိုင် ၅၀ မှ ၆၅ မိုင်အထိ တိုက်ခတ်နိုင်သည့်အတွက် ပင်လယ်ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ်ကို ကြိုတင်ရှောင်ရှားသင့်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

# မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

ယခုအချိန်အခါသည် ဘင်္ဂလားပင်လယ်အော်နှင့် မြန်မာ့ပင်လယ်ပြင်တို့တွင် လေဖိအားနည်းရပ်ဝန်းများ၊ မုန်တိုင်းများ ဖြစ်ပေါ်လေ့ရှိပါသည်။ မြန်မာ့ကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်သည့် မုန်တိုင်းဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု ဖြစ်စေနိုင်ပါသည်။

သို့ဖြစ်၍ မုန်တိုင်းဘေးအန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) TV၊ ရေဒီယိုနှင့် FM ရေဒီယိုများမှ ထုတ်လွှင့်သော “မုန်တိုင်းသတင်းနှင့် မုန်တိုင်းသတိပေးချက်” များကို ကိုယ်တိုင် ဂရုတစိုက် ကြည့်ရှုနားထောင်ပါ။ ကောလာဟလ သတင်းများအား မယုံကြည်ပါနှင့်။

(၂) ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်၍ မြန်မာနိုင်ငံအတွက် အန္တရာယ်မရှိပါက “မုန်တိုင်းသတင်း” အဖြစ် ထုတ်ပြန်ကြေညာပြီး မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်တိုက်ခတ်မည်ဆိုပါက “မုန်တိုင်းသတိပေးချက်”အဖြစ် ထုတ်ပြန်ကြေညာလျက် ရှိပါသဖြင့် သတင်းထုတ်ပြန်ချက်များကို သေချာစွာ ဂရုပြုနားထောင်ပါ။

(၃) မုန်တိုင်းသတိပေးချက်အရ မိမိတို့နေထိုင်ရာဒေသသို့ အင်အားပြင်းထန်သည့် မုန်တိုင်းဖြတ်သန်းဝင်ရောက်နိုင်ပါက မိမိ မိသားစုဝင်များအား ဘေးကင်းရာသို့ အမြန်ဆုံးရောက်နိုင်မည့်လမ်းကို အသုံးပြု၍ ကြိုတင်ရှောင်ရှားပါ။ အရေးကြီးပစ္စည်းများနှင့် ရေဒီယို၊ ဓာတ်မီး၊ သောက်ရေ၊ ကြာရှည်ခံ အစားအစာ၊ ဆေးဝါး၊ မိမိပိုင်ကျွဲနွားများကို ယူဆောင်သွားနိုင်ရန် စီစဉ်ထားပါ။

(၄) ပင်လယ်ပြင် ငါးဖမ်းထွက်သူများ၊ နယ်ဝေးခရီးရှည် ထွက်ခွာသူများကိုလည်း “မုန်တိုင်းသတိပေးချက်” သိရှိနိုင်ရန် ဆက်သွယ်သတင်းပို့ပါ။

(၅) ကလေးသူငယ်များ၊ နာမကျန်းသူများနှင့် သက်ကြီးရွယ်အိုများကို ဘေးလွတ်ရာသို့ ခေါ်ဆောင်သွားနိုင်ရေး ဆောင်ရွက်ပါ။

(၆) ပျက်စီးဆုံးရှုံးနိုင်သော ပစ္စည်းများကို လုံခြုံစိတ်ချရသောနေရာတွင် စနစ်တကျ ထုပ်ပိုးသိမ်းဆည်းထားပါ။

(၇) မုန်တိုင်းဝင်ရောက်တိုက်ခတ်ချိန်တွင် မုန်တိုင်းဘေးလွတ်ကင်းနိုင်သည့် ခိုလှုံရာနေရာ၌ မိမိ မိသားစုဝင်များအားလုံး ပြင်ပသို့မထွက်ဘဲ နေထိုင်ပါ။ မိမိခိုလှုံသည့် အဆောက်အအုံသည် ပြိုကျနိုင်ပါက ခိုင်ခံ့သည့် စားပွဲ၊ ခုတင်များ၏အောက်တွင် ခိုလှုံနေထိုင်ပါ။

(၈) မုန်တိုင်းအန္တရာယ် ကင်းရှင်းကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်ချက်ရရှိမှသာ အဆောက်အအုံပြင်ပသို့ ထွက်ပါ။ မိမိ မိသားစုဝင်များ ထိခိုက်မှုရှိပါက ဆေးကုသမှုခံယူပါ။

(၉) သက်ဆိုင်ရာမှ ထုတ်ပြန်သည့် သတင်းနှင့် အကြံပြုချက်များကိုသာ ယုံကြည်ပြီး လိုက်နာဆောင်ရွက်ပါ။

(၁၀) မုန်တိုင်းတိုက်ခတ်ပြီးချိန်တွင် အပျက်အစီးများကို တာဝန်မရှိဘဲ လှည့်လည်ကြည့်ရှုခြင်း မပြုလုပ်ပါနှင့်။ ပြတ်ကျနေသော လျှပ်စစ်မီးကြိုးများကို မထိမိစေရန် ရှောင်ရှား၍ နီးစပ်ရာ လျှပ်စစ်ရုံးသို့ အကြောင်းကြားပါ။

(၁၁) ဝမ်းရောဂါ ကျရောက်တတ်သဖြင့် ရေကို ကျိုချက်၍ သောက်ပါ။ အအေးမိဖျားနာခြင်း မဖြစ်စေရန် နွေးထွေးစွာနေပါ။

**အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ**

# မြေပြိုကျမှုအန္တရာယ်များမှ ကြိုတင်ကာကွယ်တားဆီးရန် သတိပေးနှိုးဆော်ချက်

**မြေပြိုခါနီး ဖြစ်တတ်သောလက္ခဏာများ**

(၁) မိမိတို့၏ နေအိမ်များ၌ တံခါးများ ဖွင့်/ပိတ်ရာတွင် ကျပ်လာခြင်း။
(၂) အိမ်၏ အုတ်နံရံများ အက်ကွဲလာခြင်း။
(၃) အောက်ခြေအုတ်နံရံများ အက်ကွဲလာခြင်း။
(၄) ခြံစည်းရိုးများ နေရာရွေ့လာခြင်း၊ စောင်းလာခြင်း။
(၅) ကွန်ကရစ်လမ်း/မြေမာလမ်းများ၌ တဖြည်းဖြည်း အက်ကွဲကြောင်းများ ဖြစ်ပေါ်လာခြင်း။
(၆) ယခင်ရေမထွက်ဖူးသည့် အက်ကွဲကြောင်းများမှ ရေများစိမ့်ထွက်လာခြင်း။
(၇) ဝင်းခြံတံတိုင်းများ၊ ခြံစည်းရိုးများ၊ ဓာတ်တိုင်များ၊ သစ်ပင်များ ယိမ်းယိုင်ရွေ့လျားလာခြင်း။
(၈) မြေပြိုစအချိန်တွင် အသံတိုးတိုးကြားရပြီး မိမိနှင့် နီးကပ်လာပါက အသံကျယ်လောင်လာခြင်း။

**ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ**

(၁) သတိပေးချက်များ အချိန်မီသိရှိနိုင်ရန်အတွက် ရေဒီယို၊ ရုပ်မြင်သံကြားမှ သတိပေးချက်များကို နားထောင်ရန်။
(၂) မြေပြိုခါနီး ဖြစ်တတ်သော လက္ခဏာများကို သိရှိနားလည်အောင် ပြုလုပ်ထားရန်။
(၃) ယင်းလက္ခဏာများကို တွေ့ရှိရလျှင် ဘေးလွတ်ရာသို့ အချိန်မီ ကြိုတင်ရှောင်တိမ်းရန်။
(၄) ယင်းလက္ခဏာများတွေ့ရှိရလျှင် သက်ဆိုင်ရာအာဏာပိုင်များထံ အမြန်ဆုံးအကြောင်းကြားရန်။
(၅) ယင်းလက္ခဏာများတွေ့ရှိရလျှင် နီးစပ်ရာပြည်သူများအား ကြိုတင်ရှောင်တိမ်းနိုင်ရေး အမြန်ဆုံးအသိပေးအကြောင်းကြားရန်။

**မြေပြိုပြီးနောက် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းများ**

(၁) မြေပြိုကျသည့် နေရာတစ်ဝိုက်တွင် နေထိုင်ခြင်းမပြုရန်။
(၂) ယင်းနေရာများတွင် နောက်ထပ် မြေပြိုကျမှုများ ဖြစ်လာနိုင်သည်ကို သိရှိနားလည်ပြီး သတိထားရန်။
(၃) ထိခိုက်ဒဏ်ရာ ရရှိသူများကို ရှာဖွေကယ်ဆယ်နိုင်ရေး ကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန်။
(၄) လူနာများအား ရှေးဦးသူနာပြုစုနည်းများဖြင့်ပြုစု၍ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးပို့ဆောင်ပေးရန်။
(၅) အပျက်အစီးများအား အမြန်ဆုံးရှင်းလင်းနိုင်ရေး ဆောင်ရွက်ရန်။
(၆) ပြတ်ကျ/ပြတ်ကျနေသော ဓာတ်ကြိုးများကို ကိုင်တွယ်ခြင်းမပြုရန်။

**အမျိုးသားသဘာဝဘေး**
**ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ**

# မုန်တိုင်းအန္တရာယ် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်

(က) ရေဒီယိုအမြဲဖွင့်၍ မုန်တိုင်းသတင်းကို နားထောင်ရန်။
(ခ) ကုန်းမြင့်၊ တောင်ကုန်းများပေါ်တွင် နားခိုရာနေရာများ ရွေးချယ်၍ အချိန်မီရှောင်တိမ်းရန်။
(ဂ) ပြတင်းပေါက်၊ တံခါးနှင့် အမိုးပြားများကို ခိုင်ခံ့အောင်ပြုလုပ်ရန်။
(ဃ) ငါးဖမ်းမထွက်ရန်၊ ရေလမ်းခရီးမသွားရန်။
(င) အစားအစာ၊ ဆေးဝါး၊ သောက်ရေ၊ လက်နှိပ်ဓာတ်မီး၊ မိုးကာစများ အသင့်ပြင်ဆင်ထားရန်။
(စ) အရေးကြီးပစ္စည်းများနှင့် စာရွက်စာတမ်းများကို စဉ့်အိုး(သို့မဟုတ်) ရေစိုခံအိတ်အတွင်းထည့်ပြီး မြေမြှုပ်ရန်။
(ဆ) မုန်တိုင်းဒဏ်ခံ အဆောက်အအုံများ၊ မုန်တိုင်းခိုနေရာများသို့ အလျင်အမြန် ရွှေ့ပြောင်းကြရန်။

**မုန်တိုင်းတိုက်ခတ်လာချိန် ဆောင်ရွက်ရန်**

(က) ခိုအောင်းရာနေရာ၏ အပြင်ဘက်သို့ လုံးဝမထွက်ရန်။
(ခ) ဗောကွင်း၊ ရေပုံးအလွတ်၊ ငှက်ပျောတုံး၊ ကားတာယာ၊ ကျွတ်များ မိမိတို့နှင့်အတူ ဆောင်ထားကြရန်။
(ဂ) တံခါးနှင့် ပြတင်းပေါက်များကို ပိတ်ထားကြရန်၊ မုန်တိုင်းအရှိန်ကြောင့် ပွင့်ထွက်သွားပါက မျက်နှာချင်းဆိုင်ဘက်တွင် လေထွက်ပေါက်တစ်ခု အမြန်ပြုလုပ်ရန်။

**မုန်တိုင်းတိုက်ခတ်ပြီးချိန် ဆောင်ရွက်ရန်**

(က) စိတ်ချရသော သတင်းရရှိမှသာ နေအိမ်သို့ပြန်ရန်။
(ခ) ပြိုကျပျက်စီးနိုင်သော အဆောက်အအုံနှင့် သစ်ပင်များရှိရာသို့ မသွားကြရန်။
(ဂ) ပြုတ်ကျ၊ ပြတ်ကျနေသော ဓာတ်ကြိုးများကို ကိုင်တွယ်ခြင်းမပြုရန်။
(ဃ) ရေဝပ်သောနေရာများတွင် ကလေးများ ဆော့ကစားခြင်း မပြုကြစေရန်။
(င) ရေကို ကျိုချက်၍ သောက်ကြရန်။

**အမျိုးသားသဘာဝဘေး**
**ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ**

## ...ရွှေ့လျားလျက်ရှိ

...ယ်ပိုင်းတွင် ဖြစ်ပေါ်နေ
...ားခဲ့ပြီး ကျောက်ဖြူမြို့၏
...လုန်းမုန်တိုင်းသည် ပိုမို
...ည့် ၁၂ နာရီအချိန်တွင်

...နေသို့ရောက်ရှိပြီး ရခိုင်

...င်အထိရှိနိုင်ပြီး မုန်တိုင်း
...ူမြို့နယ်၊ ရမ်းဗြဲမြို့နယ်၊
...ယ်၊ မြေပုံမြို့နယ်များတွင်
...ည်သူများသည် ဘေးလွတ်

... ကုန်းမြင့်တောင်စောင်း
...လည်း သတိပြုရှောင်ရှား

...တွင် ရံဖန်ရံခါ မိုးသက်
...ည် ရခိုင်ကမ်းရိုးတန်း
...များတွင် တစ်နာရီလျှင်
...၌၊ သင်္ဘောများအနေဖြင့်
...ဌာနက သတင်းထုတ်ပြန်
(သတင်းစဉ်)

## ...းဆော်ချက်

...းလွတ်ရာသို့ အချိန်မီ

...င်ရာအာဏာပိုင်များထံ

...ည်သူများအား ကြိုတင်
...ကြောင်းကြားရန်။

**...မှ် လုပ်ငန်းများ**

...င်ခြင်းမပြုရန်။
...များ ဖြစ်လာနိုင်သည်ကို

...်နိုင်ရေး ကယ်ဆယ်ရေး

...ပြုစု၍ နီးစပ်ရာ ဆေးရုံ၊
...။
...င်ရေး ဆောင်ရွက်ရန်။
... ကိုင်တွယ်ခြင်းမပြုရန်။

**...မျိုးသားသဘာဝဘေး**
**...က်ရေးဗဟိုကော်မတီ**

## ...က်ရန်

...ကြရန်၊ မုန်တိုင်းအရှိန်
...ိုင်ဘက်တွင် လေထွက်

**...ဘင်ရွက်ရန်**

...သို့ပြန်ရန်။
...င့် သစ်ပင်များရှိရာသို့

... ကိုင်တွယ်ခြင်းမပြုရန်။
...ဆော့ကစားခြင်း မပြုကြ

**...မျိုးသားသဘာဝဘေး**
**...က်ရေး ဗဟိုကော်မတီ**

# ဆိုင်ကလုန်းမုန်တိုင်း ဂီရိ ကျောက်ဖြူမြို့၏ အနောက်တောင်ဘက် မိုင် ၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေ မုန်တိုင်း၏ဗဟိုချက် စစ်တွေမြို့နှင့် ကျောက်ဖြူမြို့အကြားမှ ယနေ့ညနေပိုင်းတွင် ကုန်းတွင်းသို့ ဖြတ်ကျော်ဝင်ရောက်မည်

**နေပြည်တော်  အောက်တိုဘာ  ၂၂**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေခဲ့သော ဆိုင်ကလုန်းမုန်တိုင်း "ဂီရိ" (GIRI)သည် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိခဲ့ပြီး အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနေကာ ကျောက်ဖြူမြို့၏ အနောက်တောင်ဘက် မိုင် ၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး မုန်တိုင်းဗဟိုချက်သည် စစ်တွေမြို့နှင့် ကျောက်ဖြူမြို့အကြားမှ ယနေ့ညနေပိုင်းတွင် ကုန်းတွင်းသို့ ဖြတ်ကျော်ဝင်ရောက်မည် ဖြစ်သည်။

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဂီရိ"၏ လက်ရှိအခြေအနေမှာ အနီရောင် အရေးပေါ်အခြေအနေဖြစ်ပြီး ရခိုင်ကမ်းရိုးတန်းဘက်ဆီသို့ ဦးတည်ရွေ့လျားလျက်ရှိသည်။

မုန်တိုင်း၏ဗဟိုချက် အမြင့်ဆုံးလေတိုက်နှုန်းသည် တစ်နာရီ ၇၅ မိုင်အထိရှိပြီး တစ်ခါတစ်ရံ ၈၅ မိုင်ခန့်အထိ တိုက်ခတ်နိုင်သည်။ ကျောက်ဖြူမြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ မာန်အောင်မြို့နယ်၊ အမ်းမြို့နယ်၊ စစ်တွေမြို့နယ်၊ ပေါက်တောမြို့နယ်၊ မြေပုံမြို့နယ်များတွင် မုန်တိုင်းဒီရေအမြင့်ဆုံးမှာ ၁၂ ပေခန့် မြင့်တက်လာမည်ဖြစ်၍ မုန်တိုင်းဒီရေအန္တရာယ် ကျရောက်နိုင်သည့် အဆိုပါဒေသများရှိ ကမ်းရိုးတန်းနေပြည်သူများသည် ဘေးလွတ်ရာသို့ ကြိုတင်ရှောင်ရှားရန် လိုအပ်သည်။

ထို့အပြင် မုန်တိုင်းနှင့်အတူ မိုးသည်းထန်စွာရွာသွန်းနိုင်သဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ကုန်းမြင့်/တောင်စောင်းများအနီး မြေနိမ့်ဒေသများတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် မြေပြိုမှုအန္တရာယ်များကိုလည်း သတိပြုရှောင်ရှားရန်လိုအပ်သည်။

အဆိုပါမုန်တိုင်း၏အရှိန်ကြောင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တွင် တစ်နာရီလျှင် မိုင် ၇၀ မှ ၇၅ မိုင်အထိ တိုက်ခတ်နိုင်ပြီး မြစ်ဝကျွန်းပေါ်ဒေသများတွင် တစ်နာရီလျှင် မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည့်အတွက် ပင်လယ်ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ်ကို ကြိုတင်ရှောင်ရှားရန်လိုအပ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

## သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများရှိ ပြည်သူများအတွက် ကျန်းမာရေးသတိပေးနှိုးဆော်ချက်

၁။ ရာသီဥတုဒဏ်ခံနိုင်သည့် အမိုးအကာအောက်တွင် နေထိုင်ကြရန်၊

၂။ အအေးမမိစေရန် နွေးထွေးသောအဝတ်များကို ဝတ်ဆင်နေထိုင်ကြရန်၊

၃။ ရေကိုကျိုချက်သောက်ရန်(သို့မဟုတ်) ကလိုရင်းဆေးခတ်ထားသော ရေကိုသာ သောက်ကြရန်၊

၄။ အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ထားကြရန်၊

၅။ သန့်ရှင်းလတ်ဆတ်သော ပူနွေးသည့်အစာများကိုသာ စားသုံးကြရန်၊

၆။ အတတ်နိုင်ဆုံး သန့်ရှင်းသော ယင်လုံအိမ်သာကို သုံးစွဲကြရန်၊

၇။ ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် မိလ္လာနှင့် အမှိုက်သရိုက်၊ အညစ်အကြေးများကို စနစ်တကျ စွန့်ပစ်ကြရန်၊

၈။ ထိခိုက်မှုအန္တရာယ် မဖြစ်စေရေးအတွက် သတိပြုဆောင်ရွက်ကြရန်၊

၉။ ရေကြီးပါက မြွေအန္တရာယ် တွေ့ကြုံရတတ်သဖြင့် သတိပြုကြရန်၊

၁၀။ ခြင်ကိုက်မခံရအောင် သတိပြုနေထိုင်ကြရန်၊

၁၁။ တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊ အစာမစားမီနှင့် အညစ်အကြေးကိုင်တွယ်ပြီးတိုင်း လက်ဆေးကြရန်၊

၁၂။ သဘာဝဘေးအန္တရာယ် ကျရောက်ပြီးသည့်အခါ အဆုတ်ရောင်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ မြွေဆိုးကိုက်အန္တရာယ်၊ ထိခိုက်မှုအန္တရာယ်နှင့် အခြားကျန်းမာရေးပြဿနာများ ဖြစ်ပွားတတ်ပါသည်။ ဖြစ်ပွားပါက အနီးဆုံး ကျန်းမာရေးဌာသို့ အမြန်ဆုံး သွားရောက်ပြသကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## မသန့်ရှင်းသောရေကြောင့်ဖြစ်သော ရောဂါများ ကာကွယ်ရေးနှိုးဆော်ချက်

၁။ ပြည်သူလူထုအတွင်း မသန့်ရှင်းသောရေကို သောက်သုံးမိခြင်းကြောင့် အောက်ပါရောဂါများ ဖြစ်ပွားစေပါသည်။
- ကာလဝမ်းရောဂါ
- အသည်းရောင်အသားဝါရောဂါ
- အူရောင်ငန်းဖျားရောဂါ
- ပိုလီယိုအကြောသေရောဂါ
- ဝမ်းကိုက်ရောဂါ
- သန်ကောင်ရောဂါ
- ဝမ်းပျက်ဝမ်းလျှောရောဂါ
- အရေပြားရောဂါ

၂။ အောက်ပါအပြုအမူတို့ကြောင့် သောက်သုံးရေ ညစ်ညမ်းစေပါသည်။
- အမှိုက်သရိုက်၊ မစင်များ စနစ်တကျ စွန့်ပစ်မှုမရှိခြင်း၊
- ရေပိုက်ပေါက်များဖြင့် ရေသွယ်ယူခြင်း၊
- ရေတွင်းရေကန်များအနီးတွင်အဝတ်လျှော်ခြင်း၊
- ရေခပ်ပုံး၊ အိုး၊ ကြိုးနှင့် ဘုံဘိုင်ခေါင်းများအား စနစ်တကျ ကိုင်တွယ်သိမ်းဆည်းမှုမရှိခြင်း၊
- သောက်ရေအိုး၊ ရေစစ်ရေခွက်၊ အဖုံးစသည်တို့ကို စနစ်တကျ သန့်ရှင်းစွာမထားရှိခြင်း၊
- သောက်သုံးရေ ကိုင်တွယ်သုံးစွဲသူ တစ်ကိုယ်ရေညံ့ဖျင်းခြင်း၊

၃။ သို့ပါ၍ မသန့်ရှင်းသောရေကြောင့် ဖြစ်ပွားသည့် ရောဂါများမှ ကာကွယ်ရန် ပြည်သူလူထုအားလုံးသည် အောက်ပါတို့ကို လိုက်နာကျင့်သုံးကြပါရန် နှိုးဆော်အပ်ပါသည်။

လိုက်နာရမည့်အချက်များ -

(၁) တစ်ကိုယ်ရေသန့်ရှင်းမှုပြုလုပ်ခြင်း (အထူးသဖြင့် အိမ်သာမှအဆင်းနှင့် အစားအသောက်များ မကိုင်တွယ်မီ လက်နှစ်ဖက်ကို စင်ကြယ်စွာ ဆေးကြောခြင်း)
(၂) ရေစစ်အိုးဖြင့် စစ်ယူခြင်း
(၃) ကျောက်ချဉ်အသုံးပြုခြင်း
(၄) ရေကိုကျိုချက်သောက်ခြင်း

**ကျန်းမာရေးဝန်ကြီးဌာန**

# ဆိုင်ကလုန်းမုန်တိုင်းကြီး ဂီရိ၏ လက်ရှိအခြေအနေမှာ အညိုရောင် အရေးပေါ်အခြေအနေဖြစ်ပြီး ရခိုင်ကမ်းရိုးတန်းကို ဖြတ်ကျော်နေ ရခိုင်ကမ်းရိုးတန်းကိုဖြတ်ကျော်ပြီးနောက် ကုန်းတွင်းမုန်တိုင်းအဖြစ် ဆက်လက်ရွေ့လျားနိုင်

**နေပြည်တော်  အောက်တိုဘာ  ၂၂**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဂီရိ" (GIRI) သည် အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီးအဖြစ်သို့ ရောက်ရှိခဲ့ပြီး ရခိုင်ကမ်းရိုးတန်းကို ကျောက်ဖြူမြို့အနီးမှ ဖြတ်ကျော်နေသည်။

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီး "ဂီရိ"၏ လက်ရှိအခြေအနေမှာ အညိုရောင် အရေးပေါ်အခြေအနေဖြစ်ပြီး ရခိုင်ကမ်းရိုးတန်းကို ဖြတ်ကျော်နေသည်။

မုန်တိုင်းကြီး၏ ဗဟိုချက်အနီး အမြင့်ဆုံးလေတိုက်နှုန်းသည် တစ်နာရီလျှင် မိုင် ၁၀၀ ခန့်ရှိပြီး တစ်ခါတစ်ရံ မိုင် ၁၂၀ အထိ ရှိနိုင်သည်။ ကျောက်ဖြူမြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ မာန်အောင်မြို့နယ်၊ အမ်းမြို့နယ်၊ စစ်တွေမြို့နယ်၊ ပေါက်တောမြို့နယ်၊ မြေပုံမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ မင်းပြားမြို့နယ်များတွင် မုန်တိုင်းဒီရေအမြင့်ဆုံးမှာ ၁၂ ပေခန့် မြင့်တက်လာမည်ဖြစ်၍ မုန်တိုင်းဒီရေအန္တရာယ် ကျရောက်နိုင်သည့် အဆိုပါဒေသများရှိ ကမ်းရိုးတန်းနေပြည်သူများသည် ဘေးလွတ်ရာသို့ ရှောင်ရှားရန်လိုအပ်သည်။

### သတိပြုရှောင်ရှား

ထို့အပြင် မုန်တိုင်းကြီးသည် ရခိုင်ကမ်းရိုးတန်းကို ဖြတ်ကျော်ပြီးနောက် ကုန်းတွင်းမုန်တိုင်းအဖြစ် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်သည့်အတွက် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် မိုးသည်းထန်စွာရွာသွန်းနိုင်သဖြင့် ကုန်းမြင့်/တောင်စောင်းများ အနီးနှင့် မြေနိမ့်ဒေသများတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် မြေပြိုမှုအန္တရာယ်များကိုလည်း သတိပြုရှောင်ရှားရန် လိုအပ်သည်။ မုန်တိုင်းကြီး၏ အရှိန်ကြောင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တွင် တစ်နာရီလျှင် မိုင် ၈၀ မှ မိုင် ၁၀၀ အထိ တိုက်ခတ်နိုင်ပြီး မြစ်ဝကျွန်းပေါ်ဒေသများတွင် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည့်အတွက် ပင်လယ်ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ်ကို ရှောင်ရှားရန် လိုအပ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

# အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီးဂီရိ အရှေ့မြောက်ဘက်သို့ ဦးတည်လျက် မြေပုံမြို့နယ်နှင့် အမ်းမြို့နယ်ကြားမှ ဆက်လက်ဖြတ်ကျော်မည်

**နေပြည်တော်  အောက်တိုဘာ  ၂၂**

ယနေ့ည ၇ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဂီရိ" (GIRI) သည် ရခိုင်ကမ်းရိုးတန်းကို ကျောက်ဖြူမြို့၏ မြောက်ဘက် ၁၅ မိုင်ခန့်အကွာ နောင်တော်ကျွန်း၊ အဇင်ကြီးကျွန်း၊ ကျွန်းသာယာကျွန်းများ အနီးမှ ကုန်းတွင်းသို့ ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။ အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီး "ဂီရိ"သည် အရှေ့မြောက်သို့ ဦးတည်လျက် မြေပုံမြို့နယ်နှင့် အမ်းမြို့နယ်ကြားမှ ဆက်လက်ဖြတ်ကျော်မည်ဖြစ်သည်။

### ဖြတ်ကျော်နေ

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီး"ဂီရိ"၏ လက်ရှိအခြေအနေမှာ အညိုရောင် အရေးပေါ်အခြေအနေဖြစ်ပြီး ရခိုင်ကမ်းရိုးတန်းကို ဖြတ်ကျော်နေသည်။

မုန်တိုင်းကြီး၏ ဗဟိုချက်အနီး အမြင့်ဆုံးလေတိုက်နှုန်းသည် တစ်နာရီလျှင်မိုင် ၁၀၀ ခန့်ရှိပြီး တစ်ခါတစ်ရံ မိုင် ၁၂၀ အထိ ရှိနိုင်သည်။ ကျောက်ဖြူမြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ မာန်အောင်မြို့နယ်၊ အမ်းမြို့နယ်၊ စစ်တွေမြို့နယ်၊ ပေါက်တောမြို့နယ်၊ မြေပုံမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ မင်းပြားမြို့နယ်များတွင် မုန်တိုင်းဒီရေအမြင့်ဆုံးမှာ ၁၂ ပေခန့် မြင့်တက်လာမည်ဖြစ်၍ မုန်တိုင်းဒီရေအန္တရာယ် ကျရောက်နိုင်သည့် အဆိုပါဒေသများရှိ ကမ်းရိုးတန်းနေပြည်သူများသည် ဘေးလွတ်ရာသို့ ရှောင်ရှားရန်လိုအပ်သည်။

ထို့အပြင် မုန်တိုင်းကြီးသည် ရခိုင်ကမ်းရိုးတန်းကို ဖြတ်ကျော်ပြီးနောက် ကုန်းတွင်းမုန်တိုင်းအဖြစ် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်သည့်အတွက် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် မိုးသည်းထန်စွာ ရွာသွန်းနိုင်ပါသဖြင့် ကုန်းမြင့်/တောင်စောင်းများအနီးနှင့် မြေနိမ့်ဒေသများတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် မြေပြိုမှုအန္တရာယ်များကိုလည်း သတိပြုရှောင်ရှားရန် လိုအပ်သည်။

မုန်တိုင်းကြီး၏ အရှိန်ကြောင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တွင် တစ်နာရီလျှင် မိုင် ၈၀ မှ မိုင် ၁၀၀ အထိ တိုက်ခတ်နိုင်ပြီး မြစ်ဝကျွန်းပေါ်ဒေသများတွင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည့်အတွက် ပင်လယ်ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ်ကို ရှောင်ရှားရန် လိုအပ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

## ရှုတိုင်းယဉ်

❍ ကန်အတွင်းမှာ ရေကြည်ပြာ
ဖူးငုံပွင့်လန်း ပန်းရွှေကြာ၊
နေရောင်ခြည်မှာ ရောင်စုံဆင့်
ရေနှင့်ကြာနှင့် ပန်းတင့်။

❍ ငွားငွားစွင့်စွင့် ဖြူနီပြာ
ရွှေလိပ်ပြာတို့ နားခိုလာ၊
ဝတ်ရည်စုပ်ကာ ပျံကာဝဲ
မိုးထဲလေထဲ ရောင်စုံကြဲ။

❍ ဝါကျွတ်ပွဲမို့ ရှုတိုင်းယဉ်
မြင်းမိုရ် ပွဲသဘင်၊
ပျော်ပွဲဆင် မြင်တိုင်းလှ
သီတင်းကျွတ်ရဲ့ လပြည့်ည။

**ကုမုဒြာ**





ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ မြောက်ဦးမြို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဆိပ်ခံတံတား၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

# ဝန်ကြီး ဦးသိန်းဆွေ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ တပ်တောင်မြို့တို့၌ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော်　　အောက်တိုဘာ　　၂၂

**ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် အောက်တိုဘာ ၁၇ ရက်တွင် ပုဏ္ဏားကျွန်းမြို့သို့ ရောက်ရှိပြီး ပုဏ္ဏားကျွန်းရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြို့နယ်မန်နေဂျာရုံးနှင့် ဆိပ်ကမ်းသို့ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော် ခရီးလမ်းသို့ ပြေးဆွဲနေသည့် ရေယာဉ်များ ဝင်ရောက်ဆိုက်ကပ်နေမှု၊ ခရီးသည်များ လိုက်ပါစီးနင်းမှု အခြေအနေတို့ကို လည်းကောင်း၊ ကျောက်တော်မြို့၌ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြို့နယ်မန်နေဂျာရုံး ဆိပ်ကမ်းနှင့် ကျောက်တော်မြို့ ကစ္ဆပနဒီတံတားအနီး မြစ်ရေလမ်းကြောင်း အခြေအနေတို့အား လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။**

ဆက်လက်၍ ဝန်ကြီးသည် မြောက်ဦးမြို့သို့ ရောက်ရှိပြီး မြောက်ဦးမြို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြို့နယ်မန်နေဂျာရုံးနှင့် ဆိပ်ခံတံတား အခြေအနေ၊ ရေယာဉ်များ ဝင်ရောက်ဆိုက်ကပ်မည့် အခြေအနေ၊ ဆိပ်ကမ်းသို့ ခရီးလမ်းအသီးသီးမှ ရေယာဉ်များ ဝင်ထွက်သွားလာမှုအခြေအနေ၊ မြောက်ဦးမြို့အဝင် ရေလမ်းကြောင်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ ဝန်ကြီးသည် အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းတွင် မင်းပြားမြို့ ဆိပ်ကမ်းအခြေအနေ၊ ရာမောင်တံတားအနီး ရာမောင်မြစ်ရေလမ်းကြောင်း အခြေအနေနှင့် မင်းပြားမြို့ ကမ်းထိန်းနံရံ ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို လည်းကောင်း၊ အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းတွင် အမ်းမြို့နယ် တပ်တောင်ဆိပ်ကမ်း၌ ရေယာဉ်များ ဝင်ရောက်ဆိုက်ကပ်နေမှု အခြေအနေ၊ တပ်တောင်ရေလမ်းကြောင်း အခြေအနေနှင့် တပ်တောင်ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြို့နယ်မန်နေဂျာရုံးတို့ကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၃-၁၀-၂၀၁၀ (စနေနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | တရားတော် |
| ၇း၂၀ | ၃။ | ဓမ္မပူဇာတေး |
| ၇း၂၅ | ၄။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၆။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၇။ | အပိတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၈။ | ပြီးပါပြီ။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၁း၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၁း၁၀ | ၃။ | နိုင်ငံတော်သီချင်း |
| ၁၁း၂၀ | ၄။ | အမျိုးသားရေးတေးကဗျာ |
| ၁၁း၃၀ | ၅။ | ကာတွန်းအစီအစဉ် -အမြှာစုံထောက်(အပိုင်း-၄၉) |
| ၁၂း၀၀ | ၆။ | **ရုပ်မြင်သံကြားဇာတ်လမ်း - ဖိုက်တင် စိုးမြတ်သူဇာ၊ နဝရတ်၊ မြင့်မြတ်(ဒါရိုက်တာ-နေပိုင်)** |
| ၁း၃၀ | ၇။ | အမျိုးသားရေးတေးကဗျာ |
| ၂း၀၀ | ၈။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ(အပိုင်း-၈)** |
| ၂း၅၅ | ၉။ | အပိတ်နှုတ်ဆက်စကား |
| ၃း၀၀ | ၁၀။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | နိုင်ငံတော်သီချင်း |
| ၄း၁၅ | ၄။ | အမျိုးသားရေးတေးကဗျာ |
| ၅း၀၀ | ၅။ | တိုင်းကျိုးပြည်ပြု တည်ထောင်မှု |
| ၅း၂၀ | ၆။ | အမျိုးသားရေးတေးကဗျာ |
| ၅း၄၀ | ၇။ | ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ |
| ၅း၅၀ | ၈။ | ဘယ်လိုမဲပေးကြမှာလဲ |
| ၆း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၂၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၆း၃၀ | ၁၁။ | စားဖိုဆောင်ချစ်သူ |
| ၇း၀၀ | ၁၂။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်ကြိုးယှက်နွယ် (အပိုင်း-၂၁)ဇာတ်သိမ်း** |
| ၈း၀၀ | ၁၃။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၄။ | အမျိုးသားရေးတေးကဗျာ |
| | ၁၅။ | နိုင်ငံရေးပါတီများ ဟောပြောချက် |
| | ၁၆။ | နိုင်ငံတကာသတင်း |
| | ၁၇။ | မိုးလေဝသသတင်း |
| | ၁၈။ | လူ့ရှင်တော်စတား |
| | ၁၉။ | အင်္ဂလိပ်စာသုတ |
| | ၂၀။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သိုင်းသမားခုနစ်ဖော် (အပိုင်း-၈)** |
| | ၂၁။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း လင်းရောင်စဉ်အတွက် ပုံရိပ်များ (အပိုင်း-၃၅)** |
| | ၂၂။ | သင့်အတွက်မနက်ဖြန် |
| | ၂၃။ | အပိတ်နှုတ်ဆက်စကား |
| | ၂၄။ | ပြီးပါပြီ။ |



# စိန်ဘိလပ်မြေ ထုတ်ကုန်မိတ်ဆက်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၂**

SIAM CITY CEMENT COMPANY LIMITE (ထိုင်း)နှင့် Myanmar Sole Distributor ဖြစ်သည့် SINPOONCHAI COMPANY LIMITEDတို့ ပူးပေါင်း၍ INSEE DIAMOND Launch Party ကို အောက်တိုဘာ ၁၆ ရက် ညပိုင်းတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် SINPOONCHAI Co.,Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးထွန်းလွင်(**အပေါ်ပုံ**)နှင့် SIAMCITY CEMENT Public Co.,Ltd. Executive Vice-President Ms. Chantana Sukumanontတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး SIAM CITY Cement Public Co.,Ltd.၏ သမိုင်းကြောင်းနှင့် INSEE DIAMOND စိန်ဘိလပ်မြေ ထုတ်လုပ်ဖြန့်ဖြူးပုံ အဆင့်ဆင့်ကို ပရိုဂျက်တာဖြင့် ပြသကြသည်။

SINPOONCHAI Co.,Ltd.သည် INSEE DIAMOND၏ Myanmar Sole Distributor (မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ်) ဖြစ် ၂၀၀၉ ခုနှစ် ဧပြီ ၁ ရက်မှစတင်၍ မြန်မာပြည်တစ်ဝန်းလုံး ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

ယခင်က Diamond Cement ဟုခေါ်တွင်ခဲ့သော်လည်း ၂၀၁၀ခုနှစ် ဇူလိုင်လမှစ၍ INSEE Diamond အဖြစ်ပိုမိုကောင်းမွန်ခေတ်မီသော ထုပ်ပိုးမှု၊ စွမ်းအားပိုမြင့်သော Formulaတို့ဖြင့် တင်သွင်း ရောင်းချလျက်ရှိပြီး ယနေ့အချိန်တွင် ဘိလပ်မြေတန်ချိန် တစ်နှစ်လျှင် ၁၂ သန်းအထိ တိုးမြှင့်ထုတ်လုပ်နိုင်နေပြီဖြစ်ကြောင်း သိရသည်။

INSEE Diamond ဘိလပ်မြေများကို SINPOONCHAI Co.,Ltd. (အမှတ် ၂၂၂ /A)၊ဗိုလ်မြတ်ထွန်း အိမ်ရာ မဟာဗန္ဓုလလမ်း ပုဇွန်တောင် ဖုန်း-၂၀၁-၂၈၆၊ ၂၀၁၂၈၇၊ ၂၉၄၇၀၄၊ ၂၉၈၁၀၃ နှင့် ၂၉၈၁၂၄တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# ပဲခူးမြို့ အထက (၁) (ယခင်-ဟိုက်စကူးကျောင်း) အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန်　　အောက်တိုဘာ　　၂၂**

ပဲခူးမြို့ အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း (ယခင်ဟိုက်စကူးကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၃၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက် ၁၁ နာရီတွင် အဆိုပါကျောင်း သီရိပညာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းလိုသူများသည် ဦးရှိန် ဖုန်း-၀၅၂-၂၁၄၅၃၊ ဦးငွေရှိန် ဖုန်း-၀၉-၅၃၀၀၈၇၇၊ ဦးဟုတ်စိန် (ကျောင်းအုပ်ကြီး-ငြိမ်း) ဖုန်း-၀၅၂-၂၁၈၉၉၊ ဦးဟန်ကြူ ဖုန်း-၀၉-၅၁၂၀၂၃၇၊ ဒေါ်စမ်းစမ်းမြင့် (ကျောင်းအုပ်ဆရာမကြီး-ငြိမ်း) ဖုန်း-၀၉-၅၃၀၀၁၉၆၊ ဒေါ်မင်း (ကျောင်းအုပ်ဆရာမကြီး) ဖုန်း-၀၅၂-၂၁၀၀၇၊ ဒေါ်ခင်ခင် ဖုန်း-၀၅၂-၂၁၉၆၄၊ ဒေါ်မြသန်းနွယ် ဖုန်း-၀၅၂-၂၁၃၅၂၊ ဦးကျင်ဟုတ် ဖုန်း-၀၅၂-၂၀၁၆၄၅၊ ဦးခင်မောင်ရည် ဖုန်း-၀၉-၅၁၈၉၂၀၁၊ ဦးသန်းထိုက် ဖုန်း-၀၉-၅၃၀၁၂၃၂၊ ဦးသန်းထွန်းအောင် ဖုန်း-၀၅၂-၂၁၄၃၅၊ ဦးအောင်ထွန်းမြင့် ဖုန်း-၀၉-၅၃၀၉၀၅၆၊ ဦးတင်စိုး ဖုန်း-၀၉-၈၆၅၀၃၀၀၊ ဦးဝင်းထွဋ် ဖုန်း-၀၉-၅၃၀၀၇၇၈၊ ဦးစောသန်းမော် ဖုန်း-၀၉-၅၅၀၂၅၁၇၊ ဒေါ်မုံး ဖုန်း-၀၅၂-၂၄၃၆၉၊ ဒေါ်စန်းစန်းတင့် ဖုန်း-၀၉-၄၉၄၅၀၄၇၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(ဝ၆၈)



**ရွှာငံမြို့ မြို့မဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေး တားမြစ်ချက် ဆိုင်းဘုတ်ထားရှိမှုနှင့် မီးသတိရှိရေး နှိုးဆော်နိုင်ရန် မြို့နယ်စည်ပင် ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။**

(မြို့နယ်စည်ပင်)

# ငါးလုပ်ငန်းစစ်ဆေးရေးမှူး သင်တန်းဆင်း

**ရန်ကုန် အောက်တိုဘာ ၂၂**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ငါးလုပ်ငန်းအတတ်သင်သိပ္ပံတွင် ဖွင့်လှစ်ပို့ချသော ငါးလုပ်ငန်း စစ်ဆေးရေးမှူး သင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ ငါးလုပ်ငန်းအတတ်သင်သိပ္ပံခန်းမဆောင်၌ ကျင်းပရာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေး တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများက သင်တန်းထူးချွန်သူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းသို့ ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ဝန်ထမ်း ၂၄ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ခြောက်ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**☆ကျောဖုံးမှ**

မြောက်ဘက် ၁၅ မိုင်ခန့်အကွာမှ ကုန်းတွင်းသို့ ဖြတ်ကျော်ဝင်ရောက်လျက်ရှိကြောင်း၊ အရှေ့မြောက်သို့ဦးတည်လျက် မြေပုံမြို့နှင့် အမ်းမြို့နယ်ကြားမှ ဆက်လက်ဖြတ်ကျော်မည်ဖြစ်ကြောင်း၊ မုန်တိုင်းကြီးသည် ရခိုင်ကမ်းရိုးတန်းကိုဖြတ်ကျော်ပြီးနောက် ကုန်းတွင်းမုန်တိုင်းအဖြစ် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်သည့်အတွက် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် မိုးသည်းထန်စွာရွာသွန်းနိုင်သဖြင့် ကုန်းမြင့်၊ တောင်စောင်းများအနီးနှင့် မြေနိမ့်ဒေသများတွင် နေထိုင်ကြသောပြည်သူများအနေဖြင့် မြေပြိုမှုအန္တရာယ်များကိုလည်း သတိပြုရှောင်ရှားသင့်ကြောင်း၊ ယင်းနောက် ည ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ မုန်တိုင်းသည် ကျောက်ဖြူမြို့၏ မြောက်ဘက် မိုင် ၈၀ခန့်အကွာ ကုန်းတွင်းတစ်နေရာကို ဆက်လက်ဗဟိုပြုနေပြီး မင်းပြားမြို့အနီးမှ အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားလျက် နောက် ၁၂နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ တဖြည်းဖြည်း အားလျော့သွားနိုင်ကြောင်း သိရှိရသည်။

**ဆက်တိုက်ထုတ်လွှင့်ပေး**

အဆိုပါ မုန်တိုင်းသတိပေးချက်၊ မုန်တိုင်းအထူးသတိပေးချက်များအား ရုပ်မြင်သံကြားအစီအစဉ်များ၊ ရေဒီယိုနှင့် FM များမှ ပြည်သူများထံ ဆက်တိုက်ထုတ်လွှင့်ပေးခဲ့သည်။

**အချိန်မီထုတ်ပြန်ပေးခဲ့**

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီသည် မုန်တိုင်းသတိပေးချက် စတင်ထုတ်ပြန်သည့်အချိန်တွင် မုန်တိုင်းအန္တရာယ် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊ မုန်တိုင်းတိုက်ခတ်လာချိန်ဆောင်ရွက်ရန်နှင့် မုန်တိုင်းတိုက်ခတ်ပြီးချိန်ဆောင်ရွက်ရန်တို့ကို လည်းကောင်း၊ မုန်တိုင်းသည် ရခိုင်ကမ်းရိုးတန်းကို ဖြတ်ကျော်ပြီး ကုန်းတွင်းမုန်တိုင်းအဖြစ် ဆက်လက်ရွေ့လျားနိုင်ကြောင်း သိရှိချိန်တွင် မြေပြိုကျမှုအန္တရာယ်များမှ ကြိုတင်ကာကွယ်တားဆီးရန် သတိပေးနှိုးဆော်ချက်များကိုလည်းကောင်း မီဒီယာများမှတစ်ဆင့် ပြည်သူလူထုထံ အချိန်မီထုတ်ပြန်ပေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

**ဆိုင်ကလုန်းမုန်တိုင်း ဂီရိနှင့်ပတ်သက်၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးချက်များ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန် ရုပ်မြင်သံကြားအစီအစဉ်များ၊ ရေဒီယိုနှင့် FM များက ဆက်တိုက်ထုတ်လွှင့်ပေး၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီက လိုအပ်သော နှိုးဆော်ချက်များ အချိန်မီထုတ်ပြန်ပေး**

နေပြည်တော် အောက်တိုဘာ ၂၂

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့ရက်စွဲဖြင့် မုန်တိုင်းသတိပေးချက်၊ မုန်တိုင်းအထူးသတိပေးချက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးခဲ့သည်။**

နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဆိုင်ကလုန်းမုန်တိုင်း ဂီရိ(GIRI)သည် ကျောက်ဖြူမြို့၏ အနောက်တောင်ဘက် မိုင် ၁၁၀ ခန့် အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေကြောင်း၊ ပိုမိုအားကောင်းလာနိုင်ပြီး ရခိုင်ကမ်းရိုးတန်းကို စစ်တွေမြို့နှင့် ကျောက်ဖြူမြို့အကြားမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းထားကြောင်း၊ အနီရောင်အဆင့်သို့ ရောက်ရှိပြီး ရခိုင်ကမ်းရိုးတန်းဘက်ဆီသို့ ဦးတည်ရွေ့လျားလာသည့် အခြေအနေဟု သတ်မှတ်ကြောင်း၊ လေတိုက်နှုန်းမှာ တစ်နာရီ ၆၅ မိုင်မှ မိုင် ၇၀ အထိ ရှိနိုင်ပြီး မုန်တိုင်းဒီရေ ငါးပေမှ ရှစ်ပေခန့် မြင့်တက်လာနိုင်ကြောင်း၊ ထို့နောက် နံနက် ၉ နာရီအချိန် တိုင်းထွာချက်များအရ ဆိုင်ကလုန်းမုန်တိုင်း ဂီရိသည် ကျောက်ဖြူမြို့၏ အနောက်တောင်ဘက် မိုင် ၇၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေကြောင်း၊ မုန်တိုင်းသည် ပိုမိုအားကောင်းလာပြီး ရခိုင်ကမ်းရိုးတန်းကို စစ်တွေမြို့နှင့် ကျောက်ဖြူမြို့အကြားမှ မွန်းတည့် ၁၂ နာရီအချိန်တွင် စတင်ဖြတ်ကျော်ကာ ကုန်းတွင်းသို့ ဝင်ရောက်မည်ဖြစ်ကြောင်း၊ အလားတူ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဆိုင်ကလုန်းမုန်တိုင်း ဂီရိသည် အားကောင်းသောမုန်တိုင်းအဖြစ်သို့ ရောက်ရှိခဲ့ပြီး ကျောက်ဖြူမြို့၏ အနောက်တောင်ဘက် မိုင် ၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေကြောင်း၊ မုန်တိုင်းဗဟိုချက်သည် စစ်တွေမြို့နှင့် ကျောက်ဖြူမြို့အကြားမှ ညနေပိုင်းတွင် ကုန်းတွင်းသို့ ဖြတ်ကျော်ဝင်ရောက်မည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေမှာ အနီရောင် အရေးပေါ်အခြေအနေဖြစ်ပြီး ရခိုင်ကမ်းရိုးတန်းဘက်ဆီသို့ ဦးတည်ရွေ့လျားလျက်ရှိကြောင်း၊ မုန်တိုင်း၏ဗဟိုချက် အမြင့်ဆုံးလေတိုက်နှုန်းသည် တစ်နာရီ ၇၅ မိုင်အထိ ရှိပြီး တစ်ခါတစ်ရံ ၈၅ မိုင်ခန့်အထိ တိုက်ခတ်နိုင်ကြောင်း၊ ထို့အတူ ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ အားကောင်းသောမုန်တိုင်းဂီရိသည် အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီးအဖြစ်ရောက်ရှိပြီး ကျောက်ဖြူမြို့အနီးမှ ရခိုင်ကမ်းရိုးတန်းကိုဖြတ်ကျော်နေကြောင်း၊ လက်ရှိအခြေအနေမှာ အညိုရောင် အရေးပေါ်အခြေအနေဖြစ်ပြီး မုန်တိုင်း၏ဗဟိုချက်အနီး အမြင့်ဆုံးလေတိုက်နှုန်းသည် တစ်နာရီလျှင် မိုင် ၁၀၀ ခန့်ရှိပြီး တစ်ခါတစ်ရံ မိုင် ၁၂၀ အထိရှိနိုင်ကြောင်း၊ မုန်တိုင်းသည် ရခိုင်ကမ်းရိုးတန်းကိုဖြတ်ကျော်ပြီးနောက် ကုန်းတွင်းမုန်တိုင်းအဖြစ် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ကြောင်း၊ ထို့ပြင် ည ၇ နာရီခွဲအချိန် တိုင်းထွာချက်များအရ မုန်တိုင်းဂီရိသည် ကျောက်ဖြူမြို့၏ **စာမျက်နှာ ၁၀ ကော်လံ ၄ သို့**☆

**အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းဂီရိ ကျောက်ဖြူမြို့၏ မြောက်ဘက် မိုင် ၈၀ အကွာ ကုန်းတွင်းတစ်နေရာကို ဆက်လက်ဗဟိုပြုနေ မင်းပြားမြို့အနီးမှ အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး မုန်တိုင်းငယ်အဖြစ်သို့ တဖြည်းဖြည်း အားလျော့သွားနိုင်**

နေပြည်တော် အောက်တိုဘာ ၂၂

**ယနေ့ ည ၁၀ နာရီခွဲအချိန် တိုင်းထွာချက်များအရ ရခိုင်ကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်သည့် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း ဂီရိ(GIRI)သည် ကျောက်ဖြူမြို့၏ မြောက်ဘက် မိုင် ၈၀ အကွာ ကုန်းတွင်းတစ်နေရာကို ဆက်လက်ဗဟိုပြုနေပြီး အမြင့်ဆုံးလေတိုက်နှုန်း တစ်နာရီ မိုင် ၇၀ နှုန်းဖြင့် တိုက်ခတ်နေသည်။ အဆိုပါမုန်တိုင်းသည် မင်းပြားမြို့အနီးမှ အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားလျက် နောက် ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ တဖြည်းဖြည်း အားလျော့သွားနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။** (သတင်းစဉ်)